# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၀၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တပ်မတော်လေယာဉ်ဖြင့် ကျိုင်းတုံမြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinopharm ဆေးများ ကျိုင်းတုံမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

နေပြည်တော် အောက်တိုဘာ ၅

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm များအား သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်လေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❋

## အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်

### စပါးတင်း(၁၀၀)၏ဈေးနှုန်းကို (၅၄၀,၀၀၀) ကျပ် သတ်မှတ်

ကြေညာချက်အမှတ် ( ၁ /၂၀၂၁)

၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ ၆ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါး တင်း (၁၀၀)၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၅၄၀,၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်း အောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၁ ခုနှစ် မိုးစပါးနှင့် ၂၀၂၂ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ဖြစ်စေ ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်
အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး**

ပြည်တွင်းသတင်း စာ -၅





**မိမိတိုင်းပြည်နှင့် ပြည်သူအကျိုးထူးစေမည့် EV တစ်ခေတ်ဆန်းသစ်စေဖို့**

ဆောင်းပါး စာ -၆

**အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက် နောက်ထပ်ငါးနှစ်သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို**

နိုင်ငံတကာသတင်း စာ -၁၂

## မြန်မာနိုင်ငံသို့ မရောက်လာသေးသည့် ကာကွယ်ဆေးထောက်ပံ့မှုအစီအစဉ်

ကိုဗစ်-၁၉ ကပ်ရောဂါသည် မျိုးဗီဇပြောင်းဗိုင်းရပ်စ်ပိုးများ ပေါ်ပေါက်လာသည့်အချိန်တွင် အရှိန်အဟုန် ထပ်မံမြင့်တက်ခဲ့သည်။ ကမ္ဘာတွင် ဆေးဝါးထုတ်လုပ်သည့် နိုင်ငံကြီးတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ကပ်ရောဂါဒုတိယလှိုင်းကာလအတွင်း ဒယ်လ်တာ မျိုးဗီဇပြောင်းဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်မှုနှုန်း၊ သေဆုံးမှုနှုန်းများ အဆမတန်မြင့်တက်ခဲ့ရာ အကျိုးဆက်အားဖြင့် ၎င်းနိုင်ငံမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပြည်ပတင်ပို့မှုများ ဆိုင်းငံ့လိုက်ရခြင်းဖြစ်သည်။ ယင်းသို့ ဆိုင်းငံ့လိုက်သည့်အတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူထားသည့် မြန်မာအပါအဝင် နိုင်ငံများသည်လည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ဘီလီယံ ဖြန့်ဝေသွားရန် ရည်ရွယ်ပြီး ဆေးအများစုကို အိန္ဒိယမှ မှာယူထားခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သည်လည်းကောင်း အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြရသည်။

ယင်းသို့သော အခြေအနေတွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံအချို့၏ မမျှတသော၊ လူ့အခွင့်အရေးလျစ်လျူရှုသော လုပ်ရပ်တို့က ကမ္ဘာ့အသိုင်းအဝိုင်းတွင် ပြောစရာတစ်ခုအဖြစ် ပေါ်ထွက်လာသည်။ ကမ္ဘာ့နိုင်ငံပေါင်း ထက်ဝက်ကျော်ကျော်တို့ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်လုံးမျှပင် မရရှိသေးသည့်အခြေအနေတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ၇၅ ရာခိုင်နှုန်းက နိုင်ငံ ၁၀ နိုင်ငံဆီသို့ ရောက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သည် ကာကွယ်ဆေးများကို ဝယ်ယူပြီး ကာကွယ်ဆေးလိုအပ်နေသော ဆင်းရဲသည့်နိုင်ငံများကို အခမဲ့လှူဒါန်း၍ ငွေကြေးအသင့်အတင့်တတ်နိုင်သည့် နိုင်ငံများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးသည့် အစီအစဉ်ဖြစ်သည်။ COVAX အနေဖြင့် အိန္ဒိယမှ မှာယူထားသည့် ကာကွယ်ဆေးများ မရရှိတော့သည့်အခါ ချမ်းသာသည့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ဆေးတို့ကိုသာ မှီခိုခဲ့ရပြီး ထောက်ပံ့မှုများ နှေးကွေးခဲ့ကြောင်း၊ ချမ်းသာသောနိုင်ငံများက ကာကွယ်ဆေးများကို လိုသည်ထက် ပိုကာ ဝယ်ယူသိုလှောင်ထားပြီး သက်တမ်းကုန်ဆုံးခါနီး ကာကွယ်ဆေးများကို COVAX အစီအစဉ်မှတစ်ဆင့် လက်ခံနိုင်စွမ်းရှိသည့် နိုင်ငံများသို့ ဖြန့်ဖြူးပေးနေကြောင်းများလည်း နိုင်ငံတကာသတင်းများအရ သိရသည်။

မြန်မာနိုင်ငံသည် မိမိနိုင်ငံသူ နိုင်ငံသားများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိနိုင်ရန် အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေး သန်း ၃၀ စာချုပ်ချုပ်ဆိုဝယ်ယူခြင်း၊ COVAX အစီအစဉ်နှင့် ညှိနှိုင်းခြင်းတို့ကို ၂၀၂၀ ပြည့်နှစ်၊ နှစ်ကုန်ပိုင်းက ဆောင်ရွက်ခဲ့သည့်အပြင် အိန္ဒိယမှ ကာကွယ်ဆေးမရရှိတော့သည့်အခါတွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကာကွယ်ဆေးများ ထပ်မံဝယ်ယူခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို စနစ်တကျ၊ အရှိန်အဟုန်မပျက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်း လမ်းညွှန်နှင့်အညီ ဆောင်ရွက်ခဲ့သည်။ ကာကွယ်ဆေးထိုးနှံပေးရာတွင်လည်း "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး"မူဝါဒနှင့်အညီ လူမျိုး၊ ဘာသာ၊ လိင်ခွဲခြားမှုမရှိ၊ လူမှုစီးပွားအဆင့်အတန်း၊ နိုင်ငံရေးနှီးနွှယ်မှုအရလည်း ခွဲခြားမှုမရှိဘဲ ဦးတည်အုပ်စု ၂၄ ခု သတ်မှတ်ထိုးနှံပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအတွက် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းကပင် ညှိနှိုင်းထားခဲ့သည့် COVAX အစီအစဉ်မှာ အခြားနိုင်ငံများသို့ Round-4 လေးကျော့လေးကြိမ် ဖြန့်ဝေပေးခဲ့သော်လည်း မြန်မာနိုင်ငံသို့မူ ယခုအချိန်ထိ ဆေးတစ်လုံးမျှ ရောက်မလာသေး။ ဂါဗီကိုဗက်အစီအစဉ်က ပြီးခဲ့သည့် ဖေဖော်ဝါရီလမှစကာ ကမ္ဘာ့နိုင်ငံပေါင်း ၁၃၂ နိုင်ငံသို့ ကာကွယ်ဆေး သန်း ၉၀ ပေးပို့ခဲ့ရာတွင် မြန်မာနိုင်ငံမပါ။ မည်သို့ဆိုစေ ကပ်ရောဂါဟူသည် စောင့်ဆိုင်းနေအပ်သည့် အရာမဟုတ်သည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအတွက် ကိုယ့်ခွန်၊ ကိုယ့်အား ကိုယ့်ပြည်သူ ပြည်သားတို့၏ အသိတရားနှင့် ပူးပေါင်းပါဝင်မှုတို့ဖြင့် ကပ်ရောဂါလုံးဝကင်းစင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါကြောင်း။ ။

## မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက် / ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၅




မန္တလေးတိုင်း ဒေသကြီးအတွင်း လက်နက်/ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါးများနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် သိမ်းဆည်းထားသည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား ပူးပေါင်းပါဝင် ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၈ ခုမှ အိမ်သုံးဆေးဝါး ၁၀၉ မျိုး ရောင်းချပေးခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈)နေရာ၌လည်း ၃၇ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



### ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၅-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price inKyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection - Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 2 | Injection - Ceftriazone 1G | 1's | 700 | KCL |
| 3 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 4 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 5 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 6 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 7 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 8 | Injection-Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 9 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 10 | Injection - Remdesivir | Vial | 70000 | GHI |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## မုတ်သုံလေအားနည်းနေ

နေပြည်တော် အောက်တိုဘာ ၅

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မိုး/ဇလ

## ကိုဗစ်နှင့် ပတ်သက်၍ သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန်လို

လက်ရှိအချိန်တွင် အချို့မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုများအား ဖြေလျှော့ပေးပြီး အချို့လိုအပ်သည့် မြို့နယ်များအား သတ်မှတ်မှုများတိုးမြှင့်ဆောင်ရွက်မှု ရှိကြောင်း၊ ကူးစက်မှုများအား သိရှိစေရေးအတွက် စစ်ဆေးမှုများအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် SOP များကိုလိုက်နာ၍ နေထိုင်သွားလာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကူးစက်မှု ရာခိုင်နှုန်း ၅ ရာခိုင်နှုန်းအောက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထလှိုင်းဖြစ်ပွားလာနိုင်မှုအပေါ်လည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့် ပတ်သက်၍ လိုက်နာရမည့် သွားလာမှု စည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်နိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းကိစ္စရပ်များကို နိုင်ငံတော်၏မူဝါဒများနှင့်အညီ လိုက်ပါဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ် များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကနဦးလုပ်ငန်းစဉ်အဖြစ်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိုင်ငံတော်ဝန်ကြီးချုပ်က "စက်မှုဇုန်များ စံပြဖြစ်စေရေးအတွက် Skill Labour များအား အဆင့်လိုက် Certificate ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊ စက်ရုံအားလုံး မှတ်ပုံတင်နိုင်ရန်နှင့် SME လုပ်ငန်းများစနစ်တကျရှိစေရေး စီမံဆောင်ရွက်ရန်"ဟု လမ်းညွှန်မှုပြုခဲ့ကြောင်း၊ နေပြည်တော်တွင်ရှိသည့် စက်မှုလုပ်ငန်းများ၌ လုပ်ကိုင်နေသည့် လုပ်သားများကို အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရန် စက်ရုံရှိ အလုပ်သမားများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုတို့ကို သိရှိရန်အတွက် လုပ်သားများ၏ စက်မှုသန်းခေါင်စာရင်း ကောက်ယူခြင်းကို ကနဦးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်မည်**

နေပြည်တော်ကောင်စီနယ်မြေ၌ စက်မှုလုပ်ငန်းအကြီး၊ အလတ်၊ အငယ် စုစုပေါင်း ၆၆၈ ခုရှိပြီး စက်မှုလုပ်ငန်း ၄၁၂ ခုမှ လုပ်သား ၃၃၃၀ တို့ကို လုပ်ငန်းအုပ်စုအလိုက် အလုပ်သမားများ၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုတို့ကို ကွင်းဆင်း၍ စနစ်တကျ စာရင်းကောက်ယူခဲ့ကြောင်း၊ အဆိုပါလုပ်သားများအနက် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပြီးသူ ၁၅ ဦး၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်သူ ၈၈၅ ဦးရှိပြီး ကျန်ရှိလုပ်သား ၂၄၄၅ဦးတို့ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး ဆက်လက်ညှိနှိုင်း ဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ အထည်ချုပ်စက်ရုံများမှ အထည်ချုပ်လုပ်သား ၄၄၆ဦးကိုလည်း NSSA အသိအမှတ်ပြု လက်မှတ်ပေးအပ်နိုင်ရန် Assessment Center အသိအမှတ်ပြုခြင်း၊ စစ်ဆေးအကဲဖြတ်ပေးခြင်း၊ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးခြင်းတို့ကို ဦးစွာပထမ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority – NSSA) နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း။



အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

မြေပြင်စာရင်းကောက်ယူမှုအရ "စံ" သတ်မှတ်ထားခြင်း မရှိသေးသည့် အလုပ်အကိုင် ၃၂ မျိုးတွင် လုပ်ကိုင်နေသောလုပ်သား ၂၄၄၅ ဦး ရှိသဖြင့် ကျွမ်းကျင်မှု"စံ"ရေးဆွဲရခြင်းမရှိသေး အလုပ်အကိုင်များကို ဖော်ထုတ်နိုင်ပြီး ကျွမ်းကျင်မှု"စံ"များ ရေးဆွဲခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**အလေးထားဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ စက်မှုဇုန်များ စံပြဖြစ်စေရေးအတွက် Skill Labour များအား အဆင့်လိုက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကိုပြဋ္ဌာန်းပြီးဖြစ်၍ အလုပ်အကိုင်ကျွမ်းကျင်မှု ရှိစေရေးနှင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းကိစ္စရပ်များကို အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

**စီမံဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အလုပ်အကိုင်ကျွမ်းကျင်မှု "စံ"သတ်မှတ်နိုင်ရေးနှင့် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်းကိစ္စရပ်များကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကျွမ်းကျင်လုပ်သားများအတွက် အသိအမှတ်ပြု လက်မှတ်များကိုလည်း စစ်ဆေးအတည်ပြု ထုတ်ပေးလျက်ရှိပါကြောင်း၊ စက်မှုဇုန်ရှိလုပ်သားများအတွက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရေးဆိုင်ရာကိစ္စရပ်များနှင့် စံသတ်မှတ်မှု မရှိသေးသောလုပ်ငန်းများအတွက် စံသတ်မှတ်နိုင်ရေးကိစ္စရပ်များကို အပြည့်အဝပါဝင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Assessment Center ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက ဝန်ကြီးဌာနအလိုက် အလုပ်အကိုင်ကျွမ်းကျင်မှုဆိုင်ရာ "စံ" သတ်မှတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိသည့်အခြေအနေများနှင့် "စံ" သတ်မှတ်မှုမရှိသေးသောလုပ်ငန်းများအတွက် "စံ"သတ်မှတ်နိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုဝန်ကြီးများက နိဂုံးချုပ်အမှာစကားများ ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟို ကာကွယ်ဆေးသိုလှောင်ခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Sinaphorm ဆေးအလုံးပေါင်း ၁၆၀၀၀ ကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ တပ်မတော်(လေ)၏ ပို့ဆောင်ရေးလေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဘူးသီးတောင်မြို့၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြပြိုင်ပွဲကျင်းပ

**ဘူးသီးတောင် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းဝင်းနိုင်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၈ နာရီက မီးသတ်ဦးစီးဌာနရုံးရှေ့ကွင်းပြင်၌ မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြပြိုင်ပွဲကို ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့သည်။

အဆိုပါမီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြပြိုင်ပွဲကျင်းပရာတွင် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့အား အဖွဲ့ ခြောက်ဖွဲ့ခွဲ၍ မီးငြိမ်းသတ်ရေးစွမ်းရည်သရုပ်ပြပြိုင်ပွဲ ကျင်းပရာ တာဝန်ရှိသူများက အမှတ်ပေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ပထမ၊ ဒုတိယ၊ တတိယ ဆု အသီးသီးတို့ကို သတ်မှတ်ခဲ့ကြပြီး အဖွဲ့(၁)က ပထမဆုကိုလည်းကောင်း၊ အဖွဲ့(၄)က ဒုတိယဆုကိုလည်းကောင်း၊ အဖွဲ့(၂)က တတိယဆုကိုလည်းကောင်း ဆုရရှိအဖွဲ့များအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး Online မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ကိုဗစ်-၁၉ ကာလအလွန်တွင် ခရီးစဉ်ဒေသများ ပြန်လည်စတင်နိုင်ရန်အတွက်ရည်ရွယ်၍ ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့ (PATA) နှင့် ကမ္ဘာ့ဘဏ် (World Bank) တို့မှ ကြီးမှူးပြီး COVID-19 Destination Recovery Insights Exchange- Session 3 ဆွေးနွေးပွဲသို့ နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် COVID-19 Destination Recovery Insights Exchange- Session 3 ဆွေးနွေးပွဲသို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်စဉ်။

**အဖွင့်အမှာစကားပြောကြား**

ဆွေးနွေးပွဲတွင် ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့၏ အမှုဆောင်အရာရှိချုပ် Ms. Liz Ortiguera နှင့် ကမ္ဘာ့ဘဏ်အဖွဲ့မှ Senior Tourism specialist Ms.Jessie McComb က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ Guam Visitors Bureau နှင့် Macao Government Tourism Office တို့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာလအလွန်တွင် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးစီမံဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ Round Table Discussion တွင် ခရီးစဉ်ဒေသများ ပြန်လည်ဖွင့်လှစ်ရာတွင် ဆောင်ရွက်သင့်သည့်အချက်များဖြစ်သော ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူများ၊ ဒေသခံပြည်သူများအကြား ကိုဗစ်- ၁၉နှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတပြန့်ပွားရေးကိစ္စ၊ ကာကွယ်ဆေး အပြည့်အဝထိုးနှံရေးကိစ္စ၊ Digital နည်းပညာကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေးကိစ္စ၊ မိမိတို့၏ ခရီးစဉ်ဒေသများကို COVID Safe Destination အဖြစ် မြှင့်တင်ဆွဲဆောင်နိုင်ရေးကိစ္စ၊ ပြည်ဝင်ခွင့် ဗီဇာ(Visa)ဆိုင်ရာ ကိစ္စရပ်များ အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့ (PATA)ကို ၁၉၅၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အာရှနှင့်ပစိဖိတ်ဒေသရှိ ခရီးစဉ်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး အစိုးရ၊ ပုဂ္ဂလိက၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောလုပ်ငန်းများမှ အသင်းအဖွဲ့များနှင့် ပညာရေးအဖွဲ့အစည်းများ စသည်တို့မှ အဖွဲ့ဝင် ၅၀၀ ကျော် ပါရှိသည်။

**စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၅ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့မှ စီစဉ်ပြုလုပ်သည့်ခရီးသွားပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများသို့ ပါဝင်တက်ရောက်ခဲ့သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပစိဖိတ်-အာရှ ခရီးသွားလုပ်ငန်းအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများကို Online မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်ကြမည့်ဆရာများ အရည်အသွေးပြည့်ဝပြီး ကိုယ်စိတ်နှစ်ပါးကျန်းမာနေရန်လို နိုင်ငံတော်အနေဖြင့်လည်း ဆရာများလိုအပ်ချက်ကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၅**

၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က ဖတ်ကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေထံမှ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် ဂုဏ်ပြုအမှာစကားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဖတ်ကြားရာတွင် ယနေ့ အောက်တိုဘာလ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ဆရာများကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုသည့် ကမ္ဘာ့ဆရာများနေ့ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင်အရေးကြီးဆုံး၊ တာဝန် အကြီးမားဆုံးနှင့် အသိမ်မွေ့ဆုံးသောလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြရသူများသည် ကမ္ဘာ့ဆရာများပင်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းငြိမ်းချမ်းသာယာစေရန် ကမ္ဘာသူကမ္ဘာသားကောင်းများကို မွေးထုတ်ပေးနေကြသူများသည်လည်း ကမ္ဘာ့ဆရာများပင်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးမှုအပေါ်တွင် များစွာတည်မှီနေပါကြောင်း၊ ခေတ်အဆက်ဆက် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာဆန်းစစ်ကြည့်မည်ဆိုပါက အဆိုပါနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပညာရေးဖွံ့ဖြိုးတိုးတက်မှုက အဆုံးအဖြတ်ပေးခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားသည့် တိုင်းပြည်သည် နိုင်ငံကြီးခြင်း ငယ်ခြင်း၊ သယံဇာတကြွယ်ဝခြင်း မကြွယ်ဝခြင်းထက် အဆိုပါနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးအပေါ် မူတည်ပြီး ဖွံ့ဖြိုးကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အပြန်အလှန်အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများသည် အရည်အသွေးမြင့်မားသည့် ပညာရေးကို ပိုမိုဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အရေးပါသည့် ပညာရေးကဏ္ဍကို အဓိကမောင်းနှင်ပေးနေသည့် အင်အားစုမှာ ပညာရေးတာဝန်ကို ထမ်းဆောင်နေကြသည့် ဆရာများပင်ဖြစ်ပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့် ဖတ်ကြားစဉ်။

ဆရာများသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရုံသာမက ကမ္ဘာတစ်ဝန်းတွင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံတွင်ဖြစ်စေ ကပ်ဘေးဒုက္ခများ၊ အခက်အခဲအကျပ်အတည်းများနှင့်ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင်လည်း အသိပညာဖြန့်ဝေပူးပေါင်းဆောင်ရွက်ပြီး ဘေးဒုက္ခအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး ဦးဆောင်ဦးရွက်ပြုကြသူများဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အခက်အခဲအကျပ်အတည်းများနှင့် ကပ်ရောဂါဘေးအလွန်ကာလတွင် ပြန်လည်တည်ဆောက်ကြရမည့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးကြမည့်သူများ ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အနာဂတ်ကို ပုံဖော်တည်ဆောက်ကြမည့်ဆရာများသည် အရည်အသွေးပြည့်ဝပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာနေရန်လိုသလို တစ်ဖက်ကလည်း ဆရာများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်ဘဝ သာယာလှပနေရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာများ အရည်အသွေးမြင့်မားတိုးတက်ရေးအစီအစဉ်၊ ဆရာခန့်ထားရေးနှင့် ရာထူးတိုးမြှင့်ရေးအစီအစဉ် စသည်များကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ဆရာများလိုအပ်ချက်ကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ ဆရာများကလည်း ကိုဗစ်-၁၉ အလွန်ကာလ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်လုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း စသည်ဖြင့် ဖတ်ကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့ (၅) ဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာများ၏ဆောင်ရွက်မှုမှတ်တမ်းအကျဉ်းချုပ်ကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ဖတ်ကြားတင်ပြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများ၊ ထူးချွန်ဆရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ ၂၀၂၁ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားတွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာကြီး၊ ဆရာမကြီး လေးဦးနှင့် ထူးချွန်ဆုရ ဆရာ နှစ်ဦးတို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် အောက်တိုဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ပူးပေါင်းစီစဉ်၍ ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း (မူလွန်)၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရာ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် ရောဂါအခံရှိ၊ မရှိ မေးမြန်းခြင်း၊ ကာကွယ်ဆေးထိုးပြီးပါက ကျန်းမာရေးအတွက် ကာကွယ်နေထိုင်ရမည့် အစီအစဉ်များကိုလည်း ပြောကြားဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး



ရုပ်ရှင်သရုပ်ဆောင်
မတူး

"ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ လုပ်ငန်းတွေ ပြန်လည်လုပ်ဆောင်နိုင်ဖို့ အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးထားရင်တော့ အဆင်ပြေမယ်။ ဒီနေ့ဆို ကာကွယ်ဆေးလာထိုးကြတဲ့ ရုပ်ရှင်လောကသားတွေနဲ့ မိသားစုဝင်တွေ တော်တော်များများလာထိုးကြတာကို တွေ့ရပါတယ်။ ရှေ့မှာလည်း ရုပ်ရှင်လောကသား ၅၀ လောက် ကာကွယ်ဆေးထိုးနှံပြီးပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ နာယကအလွှာ၊ ဇာတ်ညွှန်းအလွှာ၊ ကြီးကြပ်အလွှာ၊ အုပ်ချုပ်ဖြန့်ချိရေးအလွှာ၊ ထုတ်လုပ်သူ အလွှာတွေအပါအဝင် အလွှာပေါင်း ၁၀ လွှာရှိတယ်။ သူ့အလွှာနဲ့သူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဖို့ ဆက်သွယ်လာကြတဲ့အတွက် လူဦးရေစာရင်းတွေ ပြုစုပြီး ကျန်းမာရေးဌာနကိုတင်ပြပြီး ထိုးနှံပေးတာ ဖြစ်ပါတယ်။ အချို့ရုပ်ကွက်တွေမှာ နေထိုင်ကြတဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးက သူတွေလည်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ထိုးနှံထားတယ်လို့ သိရတယ်။

"တော်တော်များများလည်း ကာကွယ်ဆေးထိုးထားကြပါတယ်။ ကာကွယ်ဆေး မထိုးထားထက်စာရင် ဆေးထိုးနှံထားတာက ရိုက်ကွင်းတွေမှာ အားလုံးအဆင်ပြေနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးကို ထိုးနှံထားသင့်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များ ကာကွယ်ဆေးထိုးနှံနေမှုနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယနေ့တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့်မိသားစုဝင် ၂၇၂ ဦးကို ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဆေးထိုးနှံမည့်သူများစာရင်းကို လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး စာရင်းပေးထားသူများကို ကာကွယ်ဆေးထိုးနှံနိုင်ရန်အတွက် တာဝန်ရှိသူများထံတင်ပြပြီး ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ပထမအသုတ်မှာ ကာကွယ်ဆေးထိုးနှံပြီးသူ ၅၀ ခန့်ရှိပါတယ်။ ဒီနေ့မှာ ကျွန်မတို့ အလွှာပေါင်းစုံက ရုပ်ရှင်လောကသားတွေ၊ မိသားစုဝင်တွေ စုပေါင်းပြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံဖို့ လာရောက်ကြတာဖြစ်ပါတယ်။ စုစုပေါင်း ၂၇၂ ဦး ရှိတယ်လို့ သိရပါတယ်။ မတူးက ဆေးထိုးအပ်မြင်ရင် အတော်ကြောက်တတ်တယ်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက နာယကကြီးတွေက ငါတို့အားလုံးလည်း ကာကွယ်ဆေးထိုးနှံပြီးကြပြီ၊ ဘယ်လိုမှလည်းမခံစားရပါဘူး၊ မတူးလည်း ဆေးထိုးထားသင့်တယ်လို့ ပြောပါတယ်။ ဒါကြောင့် မတူးလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလာပြီး မိမိရဲ့ကျန်းမာရေးကို ကာကွယ်ရာလည်းရောက်တယ်၊ အခြားသူတွေကိုလည်း ကာကွယ်ရာရောက်တဲ့အတွက် ရုပ်ရှင်လောကသားတွေနဲ့အတူ စုပေါင်းလာရောက်ဆေးထိုးနှံတာပါ။ ကာကွယ်ဆေး မထိုးရသေးတဲ့ ရုပ်ရှင်လောကသား ညီအစ်ကိုမောင်နှမတွေအားလုံး ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံထားဖို့ တိုက်တွန်းနှိုးဆော်ပါတယ်"ဟု ရုပ်ရှင်သရုပ်ဆောင် မတူးက ပြောသည်။

ယနေ့ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးသူများကို နိုဝင်ဘာ ၃ ရက်တွင် ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**





မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်လောကသားများနှင့် မိသားစုဝင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို တွေ့ရစဉ်။

## မြတောင်တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်း၌ စာပေဖတ်ရှုနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**ဘူးသီးတောင် အောက်တိုဘာ ၅**

ဘူးသီးတောင်မြို့နယ် တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းများရှိ လူငယ်လူရွယ်များ စာအုပ်စာပေဖတ်ရှုလေ့လာမှု ပိုမိုတိုးပွားလာစေရန်၊ အသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယနေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်ဖြူဖြူဝင်း ဦးဆောင်၍ ဝန်ထမ်းများပူးပေါင်းကာ မြတောင်တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်း၌ Mobile Library ကွင်းဆင်းဆောင်ရွက်၍ စာအုပ်များငှားရမ်းပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း ၊ ဂျာနယ်၊ စာစောင်စသည့် စာအုပ်ပေါင်း ၇၀ ကျော်ငှားရမ်းပေးခဲ့ရာ မြတောင်တိုက်ပွဲရှောင်စခန်းရှိ လူငယ်လူရွယ်များနှင့် စာပေဝါသနာရှင်များမှ ငှားရမ်းဖတ်ရှုခဲ့ကြသည်။

အဆိုပါ မြတောင်တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်းတွင် အိမ်ထောင်စု ၁၆၀ ၊ လူဦးရေ ၇၅၉ ဦး ရှိကြောင်း သိရသည်။ **လှကျော် (ပြန် /ဆက်)**

## လှိုင်းဘွဲ့မြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာဖတ်ဝိုင်း ကျင်းပ

**လှိုင်းဘွဲ့ အောက်တိုဘာ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်ရွက်သည်။

စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်စန်းမြင့်နှင့် ဝန်ထမ်းများက ၂၀၂၁ ခုနှစ် အောက်တိုဘာ ၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ရေးနှံ့သာ မောင်ကျော်ညွန့်ရေးသားထားသော ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အကြင်နာရပ်ဝန်းမှ မုဒိတာနှလုံးသားပိုင်ရှင်များအကြောင်း၊ ကမ္ဘာ့ဆရာများထဲမှ မြန်မာ့ဆရာ၊ မ တစ်ရာဖွားတပည့်များ၊ စာရိတ္တသီလ၊ ဝါရိတ္တသီလ၊ သားသမီးများအလား၊ ဘဝအတွက် သင်ခန်းစာ၊ သားသမီးသုံးမျိုးသုံးစား၊ ဆရာထက်သာလွန်သော တပည့်၊ ဆရာတို့၏ ဂုဏ်ကျေးဇူး၊ မြတ်ဆရာတို့ စိတ်ထား၊ မေတ္တာတရား၊ ကရုဏာတရားနှင့် မုဒိတာတရား စသည့် အကြောင်းအရာများကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိမိတိုင်းပြည်နှင့် ပြည်သူအကျိုးထူးစေမည့် EV တစ်ခေတ် ဆန်းသစ်စေဖို့

အင်ဂျင်နီယာထွန်း (စက်မှုစီးပွားထူးချွန်ဆု) Former Part-Time Professor, D.S.T.A.

**EV(Electric Vehicle) လျှပ်စစ်ကားအတွက် အားသွင်းရန် ပြည်တွင်းလက်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းဖြင့် မည်ကဲ့သို့ချိတ်ဆက်အသုံးပြုနိုင်မည်၊ လခစားဝန်ထမ်းများနှင့် အများပြည်သူများ မည်ကဲ့သို့ဝယ်ယူ ပိုင်ဆိုင်နိုင်ခွင့်ရနိုင်မည်၊ မြန်မာနိုင်ငံတွင် လက်တွေ့ဝယ်ယူသုံးနေကြသည့် EV ယာဉ်များအခြေအနေ၊ EV ယာဉ်များ ထူးခြားအကျိုးပြုနိုင်စေမှုများ တင်ပြချက် နောက်ဆက်တွဲ စသည်တို့ကို ပုံများဖြင့် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**


လက်ရှိမြန်မာ့လျှပ်စစ် ဓာတ်အားလိုင်းကြိုးမှ 11 KV Line မှ Transformer ခံပြီး 22KW EV Fast Charger များ အိမ်၊ ရုံး၊ Super market နှင့် Restaurant များမှာ လိုအပ်သောနေရာတွင် Smart card နှင့် သုံးနိုင်သည့်စနစ် ဖန်တီးတည်ဆောက်ထားပေးရန်လိုမည် ဖြစ်သည်။



On Road Fast Charging Station ($536.00 – $995.00) ကားသွားလမ်း အနီး အမြန်အားသွင်းစနစ်




Wall-mounted/ Wallbox Charger ($310.00 – $330.00) နိုင်ငံခြား၌ အိမ်တွင်း EV အားသွင်းနေခြင်း




On Road Fast Charging Station ($965.00–$995.00) ကားသွားလမ်းအနီး အမြန်အားသွင်းစနစ်




Wallbox Charger ($238.00–$329.00) နေအိမ်နှင့် ရပ်နားသည့်နေရာများ EV အားသွင်းစနစ်




အားသွင်းရရှိထားမှု ၉၄ % နှင့် ၁၀၀ % ပြည့်ရန် ထပ်အားသွင်းရမည့် ကြာချိန် ၁နာရီခွဲ ပြသထားပုံ

EV ကားလက်တွေ့သုံးစွဲနေခြင်းနှင့် ပတ်သက်ပြီး ရန်ကုန်မြို့တွင် ကျန်းမာသန်စွမ်းစွာ သွားလာလှုပ်ရှားနေသူ (၉၅) နှစ်အရွယ် အငြိမ်းစား သဘော်ာကပ္ပတိန်တစ်ဦး ဝယ်ယူတင်သွင်းထားသည့် Tesla EV ကားအသစ်အား ကန်ရိပ်သာအိမ်ရာ အဆောက်အအုံတွင် လက်ရှိမြန်မာ့လျှပ်စစ်ဓာတ်အားပေးလိုင်းဖြင့် ချိတ်ဆက်အားသွင်းနိုင်ကြောင်း၊ ထို EV ယာဉ်ဖြင့် နေပြည်တော်၊ ကလော အပါအဝင် မြန်မာနိုင်ငံတွင်း ခရီးရှည်များကို အဆင်ပြေစွာ မောင်းနှင်သွားလာပြီး ဖြစ်ကြောင်း၊ လမ်းခရီးရှိ ညအိပ်ရပ်နားရာ နေပြည်တော်နှင့် ကလော ဟိုတယ်တို့တွင်လည်း Slow Charging အားသွင်းနိုင်ခဲ့ကြောင်း ၎င်းက ပြောပြသည်။


EV အမြန်အားသွင်းသည့် Fast Charging Station ကို တည်ဆောက်ရာတွင် တန်ဖိုးမြင့်မားသဖြင့် ဦးစွာအုပ်စုဖွဲ့စည်းမှုများသည့် နေရာများတွင်သာ လတ်တလောဦးစားပေးပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းမှ Transformer ခံ၍ ဆက်သွယ်တည်ဆောက်ပေးရန်လိုအပ်မည်ဖြစ်ပါသည် (EV ကားများ သွားလာရာနည်းသော နေရာနှင့် ရန်ကုန်–နေပြည်တော်–မန္တလေး ခရီးဝေးသွားရာ လမ်းခရီးတစ်လျှောက်တွင် ကနဦးအနေဖြင့် မလိုအပ်သေးသဖြင့် တပ်ဆင်ရန် မစဉ်းစားသင့်သေးပါ)။ အစပိုင်းကာလ မြို့တွင်းစုဝေးလှုပ်ရှားမှုနည်းသေးသည့် နေရာများတွင်လည်း မလိုအပ်သေးပါ။

EV အမြန်အားသွင်းသည့် Fast Charging Station များကို ထပ်တိုးသုံးလာနိုင်သော EV ကားများ စုဖွဲ့ရှိမည့် နေရာများကို ဦးစားပေးအခြေပြုကာ အဆင့်ဆင့်လိုအပ်သည့် နေရာများတွင် ထပ်တိုးတည်ဆောက်ပေးသွားခြင်းအားဖြင့် မလိုအပ်ဘဲ ငွေရင်းထားရသော Risk မှ ကင်းဝေးနိုင်သကဲ့သို့ လတ်တလော လိုအပ်ချက် အရေအတွက် တည်ဆောက်ပေးနိုင်ရန်လည်း လက်ရှိမြန်မာ့ဓာတ်အားပို့လွှတ်ဖြန့်ဖြူးရေး စွမ်းအားဖြင့် အခက်အခဲမရှိ စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည်။

ထပ်ထပ်တိုးလာမည့် EV ကားများအတွက်လည်း လိုအပ်သလို အဆင့်ဆင့်ထပ်တိုး တည်ဆောက်တပ်ဆင်ပေးရမည့် အချိန်ရောက်လာသည်နှင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး အစီအမံများအရ ထပ်တိုးဓာတ်အားဖြည့်တင်းပေးနိုင်မှုနှင့် အချိန်ကိုက် ဆက်စပ်ပေါင်းစပ်ပြီး ဆောင်ရွက်သွားနိုင်ပါသဖြင့် ယခုကာလမှ အစပြု၍ EV ကားများ စတင်သုံးစွဲနိုင်ရန်စီမံခြင်းသည် ဆောင်ရွက်ရန်သင့်ကြောင်း တင်ပြလိုပါသည်။ ထိုနည်းတူ အိမ်များနှင့် ရပ်နားထားမည့် နေရာများအတွက် သင့်တော်ကိုက်ညီမည့် EV ယာဉ်အားသွင်းနိုင်သည့် စနစ်များကိုလည်း လိုအပ်သလောက်သာ စိစစ်စီမံပေးသွားရန်လိုမည်ဖြစ်သဖြင့် EV ကားများအတွက် အားသွင်းရန် လိုအပ်ချက်ကို စိတ်အေးနိုင်ပါသည်။




Small SUV Electric Car with Big Power US $4,530–4,725/





Full/ Dual Split Screen for Choosing (Watch multiple cameras at the same time to monitor the surrounding conditions in real time)

EV ယာဉ်အတွင်း ယာဉ်မောင်းရှေ့ရှိ Screen မြင်ကွင်း၊ လိုရာ ရွေးချယ်စေခိုင်းနိုင်မည့် လုပ်ငန်းများ ဖော်ပြနေသည့်ပုံများ (Icons for selection) နှင့် ရှေ့နောက် ဘေးဘယ်ညာ လေးဖက်လုံးမြင်ကွင်းကိုလည်း တစ်တွဲတည်း ပေါ်နေအောင်လည်း Touch Screen မှ ကြည့်ရှုနိုင်ပါသည်။

နိုင်ငံတကာမှာ ထုတ်လုပ်နေကြသည့် အဆင့်မြင့် EV ယာဉ်များတွင် လိုအပ်သည့် လုပ်ဆောင်မှုများအားလုံးကို Electronic Control System မှ Touch Screen ပေါ်ရှိ မိမိဆောင်ရွက်လိုသည်များကို နှိပ်ပြီးခိုင်းစေသည်နှင့် အလိုအလျောက် (Auto) စီမံဆောင်ရွက်နိုင်ပါသည်။ ဘေးမှန်များတင်ချခြင်း၊ ကားရှေ့မှန် (Windshield) ရေသုတ်ခြင်း၊ ကားရှေ့နောက် ဘေးဘယ်/ညာ မြင်ကွင်းများ ချိန်ညှိခြင်း၊ ကားမီးထွန်းခြင်း၊ ရေဒီယို/ ဗီဒီယိုနားထောင် ကြည့်ရှုခြင်း၊ မိုဘိုင်းကို Wireless Charging သွင်းနိုင်ခြင်းနှင့် Hands free မိုဘိုင်းဖုန်း ဆက်သွယ်ပြောနိုင်ခြင်းတို့ကလည်း စိတ်ဝင်စားစရာ ကောင်းပါသည်။

လက်ရှိလျှပ်စစ်ဓာတ်အားပေးနေမှုနှင့် တိုးတက်သုံးစွဲလာကြမည့် EV ကားများ အားသွင်းနိုင်ရေးအတွက် လိုအပ်သော ဓာတ်အားသည်လည်း ယှဉ်တွဲပြိုင်တူ တိုးတက်ဖြည့်ဆည်းပေးနိုင်လာမည် ဖြစ်သဖြင့် ပြည်သူများနှင့် အစိုးရတို့ Win-win Situation ရရှိကာ အကျိုးခံစားနိုင်ကြစေရန် EV ကားများကို ခေတ်နှင့်အညီ ဝယ်ယူသုံးစွဲနိုင်ရေး အခြေအနေပေးနေပြီဖြစ်ပါသည်။

ပထမအဆင့်အနေဖြင့် အစိုးရဌာနမှုဂန်ထမ်းများအတွက် သုံးစွဲရန် ထုတ်ပေးထားသော လောင်စာဆီသုံးယာဉ်များ နေရာတွင် ကမ္ဘာ့ဈေးကွက်အတွင်း ထင်ရှားကျော်ကြား လူကြိုက်များပြီး အလုအယက် ဝယ်ယူသုံးစွဲနေကြသည့် နာမည်ကြီး ကားကုမ္ပဏီကြီးများ၏ ဖက်စပ်လျှပ်စစ်ကားများ {မြန်မာငွေကျပ်သိန်းတစ်ရာခန့် တန်ဖိုးရှိသော ($4500 ~ $4700 တန်ဖိုးခန့်) **Jinpeng Electric Car Small SUV D70**၊ SAIC-GM-Wuling ဖက်စပ်ကုမ္ပဏီထုတ် **Wuling Hung Guang MINI EV**၊ **BYD** ကုမ္ပဏီမှ နောက်ဆုံးထုတ် **EA1-Dolphin** (with cheaper better high tech LiFePO4 battery) } ကို အစားထိုးအသုံးပြုစေခြင်းဖြင့် အမြန်စတင် အကောင်အထည်ဖော်နိုင်ကြောင်း အကြံပြုအပ်ပါသည်။ အခြားနိုင်ငံတကာ အဆင့်မြင့် EV ကုမ္ပဏီများနှင့် တရုတ်ဖက်စပ်ပူးပေါင်းထုတ်လုပ်သည့် EV စသည်များ အနက်မှ သင့်မြတ်သောကုမ္ပဏီတစ်ခုခုထံမှ မိမိတို့တိုင်းပြည်ချင်း ရင်းနှီးမှုရှိနေသည့် တရုတ်နိုင်ငံနှင့် G to G ချိတ်ဆက်ပြီး တိုင်းပြည်လိုအပ်ချက် အရေအတွက်များသည်နှင့်အမျှ ဈေးနှုန်းအထူးလျှော့ဈေးရနိုင်မည်ဟု ယူဆမိပါသည်။ တရုတ်မြန်မာရေနံပိုက်လိုင်းဆွဲတင်ပို့ရောင်းချရေး စီမံကိန်းမှာလည်း ခရီးပေါက်နေပြီဖြစ်သဖြင့် နှစ်နိုင်ငံ ဆက်ဆံရေး ရင်းနှီးမှုအရ မြန်မာ့ EV ခေတ်အမြန်ဖော်ဆောင်နိုင်ရေး အကူအညီ အထောက်အပံ့ရနိုင်မည်ဟု ထင်မြင်မိပါသည်။

မြန်မာနိုင်ငံပြည်သူများနှင့် ပတ်ဝန်းကျင်သို့ ICE ယာဉ်များမှ ထုတ်လွှတ်ပေးနေသည့် အဆိပ်အတောက်ဓာတ်ငွေ့များ **(Toxic Gases– Carbon monoxide, nitrogen oxides, and hydrocarbons)** အမြန်လျော့နည်း ပျောက်ကင်းစေရေးအတွက် မိတ်ဆွေ တိုင်းပြည်ကြီးဖြစ်သော ကမ္ဘာ့ EV ဈေးကွက်ကို စိုးမိုးနိုင်နေသည့် တရုတ်နိုင်ငံကြီး (သို့မဟုတ် အခြားနိုင်ငံကြီးများ) အနေဖြင့် မြန်မာနိုင်ငံတွင် ICE ယာဉ်များအစား EV များ ပြောင်းသုံးနိုင်မည့် သန့်ရှင်းသော လူ့ပတ်ဝန်းကျင်ဖော်ဆောင်ပေးနိုင်မှု အစီအမံ (Clean Environment Campaign) အတွက် တော်လှန်ရေးအသွင် အထူးအကူအညီ အစီအစဉ်များဖြင့် G to G ကူညီပံ့ပိုးပေးမှုများရခဲ့ပါလျှင် ICE စွမ်းအားများ အစား လျှပ်စစ်စွမ်းအားဖြင့် မောင်းနှင်သည့် (Electrical driving system) ကို ပြောင်းလဲအသုံးပြုလာနိုင်ပြီး လူနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်စေခြင်းများ အလျင်အမြန် ထိန်းသိမ်းပေးနိုင်မည်ဖြစ်ပါသည်။ G to G အစီအစဉ်ဖြင့် EV ကားများကို အထူးဈေးနှုန်း၊ အထူးအစီအစဉ်ဖြင့် ရောင်းချပေးနိုင်ရေး မျှော်မှန်းနိုင်မည် ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

# နယ်စပ်ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်စီးဆင်းနိုင်ရေးနှင့် စနစ်တကျဖြင့် စီမံအုပ်ချုပ်မှုများ ဆောင်ရွက်နိုင်ရေးကြိုးပမ်း

**မြစ်ကြီးနား အောက်တိုဘာ ၅**

ကချင်ပြည်နယ်အတွင်းရှိ ကန်ပိုက်တီး၊ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းများတစ်ဆင့် မြန်မာ-တရုတ်ကုန်သွယ်မှုလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ လွယ်ကူမြန်ဆန်စွာစနစ်တကျ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ အပြည့်အဝရရှိစေရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ (ယာပုံ)



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့ ပြည်နယ်၏ စိုက်ပျိုးရေးထုတ်ကုန်များအတွက် နယ်စပ်ကုန်စည်စီးဆင်းမှုသည် အဓိကဖြစ်ကြောင်း၊ မြန်မာ-တရုတ် နယ်စပ်ကုန်စည် စီးဆင်းမှုများ ပြန်လည်စီးဆင်းနိုင်မှသာလျှင် စိုက်ပျိုးရေးထုတ်ကုန်များသာမက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများ အားလုံးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်စည်စီးဆင်းမှုများ ပုံမှန်အတိုင်း ပြန်လည်စီးဆင်းနိုင်ရေး၊ စနစ်တကျဖြင့် စီမံအုပ်ချုပ်မှုများ ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားရသည့် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ပုံမှန်အတိုင်း ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်ကိစ္စရပ်များနှင့်ပတ်သက်၍ ကြိုတင်စီမံထားရှိမှု အခြေအနေများအပေါ် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက နှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်နှစ်များတွင် တွေ့ကြုံရသည့် အားနည်းချက်/အားသာချက်များ၊ ကုန်တင်/ပို့ယာဉ်များ ဝင်/ထွက် သွားလာမှုအတွက် ကြပ်မတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ကုန်သွယ်မှုလုပ်ငန်းနှင့် အုပ်ချုပ်ကြီးကြပ်မှုလုပ်ငန်းကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေး စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးရေး တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းဆောင်ရွက်ပေးပြီး နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတစ်လျှောက်အတွင်း ပါဝင်ပတ်သက်သူများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးရေး၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအတွက် မိမိနိုင်ငံမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ လေးစားလိုက်နာဆောင်ရွက်ကြရေးနှင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အမြန်ဆုံး စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကော်မတီအဖွဲ့ဝင်များအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

*စာမျက်နှာ ၆ မှ*

နောက်အခြားနည်းလမ်းများအနေဖြင့်လည်း EV ကားအသစ် အစီးလိုက်ဝယ်ယူ တင်သွင်းသည်ထက် ပိုမိုဈေးသက်သာနိုင်ရေး ရှေးရှု၍ အသုံးပြုပြီး အရည်အသွေးမကျသေးသည့် {Used good condition EV (electronic control system proper functioning)} များ တင်သွင်းခွင့်ပြုခြင်းကိုလည်း စဉ်းစားပေးသင့်ပါသည်။


အချိန်ယူပြီး ပြည်တွင်း၌ SKD (Semi Knocked Down), CKD (Completely Knocked Down) နှင့် Auto control electronic system များစသည်တို့ကို တင်သွင်း၍ မိမိပြည်တွင်းစွမ်းအားဖြင့် တပ်ဆင်ထုတ်လုပ် ပေးနိုင်ပါလျှင်လည်း ယာဉ်အစီးလိုက် ဝယ်ယူတင်သွင်းရမည့် ဈေးနှုန်းထက် လျော့ကျစေနိုင်မည်ဖြစ်ပါသည်။ သို့သော် ချက်ချင်း EV ယာဉ်များကို အစားထိုး မသုံးစွဲနိုင်ဘဲ အချိန်အတန်ကြာမှ အကောင်အထည်ပေါ် လာနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါသဖြင့် ဦးစွာအလျင်အမြန် ICE ယာဉ်များ နေရာတွင် အစားထိုး သုံးစွဲနိုင်ရန် အစီးလိုက် တန်ဖိုးအသင့်အတင့်ရှိ EV ကားအသစ် (သို့မဟုတ်) Brand new battery လဲထားသော Good second hand EV ကားများကို ဝယ်ယူတင်သွင်းခွင့်ပြုပြီး မောင်းနှင်သုံးစွဲ၍ အတွေ့အကြုံရစေခြင်း၊ Auto control electronic system စနစ်တကျ သုံးတတ်မှု ကျွမ်းကျင်စေခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် အဆင့်ဆင့်ကျွမ်းကျင်မှု တိုးတက်ရရှိစေခြင်းတို့ကလည်း နောင်အခါ SKD, CKD, Electronic Control System များ တင်သွင်းကာ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်မှု ဆောင်ရွက်လာရာတွင် အခက်အခဲမရှိဘဲ များစွာအကျိုး သက်ရောက်စေမည် ဖြစ်ပါသည်။


အများပြည်သူ ဝယ်ယူသုံးစွဲနိုင်မည့် တန်ဖိုးအသင့်အတင့်ရှိ EV ကားများကို (Down payment + installment) စနစ်တို့ဖြင့် ဝယ်ယူနိုင်ရေး အစီအမံများလည်း ပြည်သူများ မျှော်လင့်နေကြမည် ဖြစ်ပါသည်။ ပြုပြင်ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင်များ၊ Testing Equipment နှင့် Maintenance Spare Parts များ ဝယ်ယူရနိုင်မှု လွယ်ကူစေသည့်နည်းလမ်းများ စီမံပေးနိုင်ရန်လည်း လိုအပ်ပါမည်။

> “ကမ္ဘာတွင် EV ကားများသုံးစွဲလာခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မိမိတို့မှ ယခုစတင်သုံးစွဲရန် စီမံကြိုးပမ်းမှုသည် နောက်မကျဘဲ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် EV ကားများကို သုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ လတ်တလော နိုင်ငံတကာသုံးနေသည့် နောက်ဆုံးပေါ်နည်းပညာ (Latest High Tech Version) ဖြင့် ထုတ်လုပ်ထားသည့် EV ကားများကို မိမိတို့က ယခုစတင် အသုံးပြုကာ ဖြတ်လမ်း (Short cut) မှတစ်ဆင့် ထပ်မံတိုးတက်လာမည့် နည်းပညာများကို ၎င်းတို့နှင့်အတူ လိုက်ပါဖော်ဆောင်သွားနိုင်မည်ဖြစ်”

ထို့ပြင် ယာဉ်မောင်းနှင်မှု အရှိန်ထိန်းသိမ်းရာတွင်လည်း ICE ယာဉ်များမှာကဲ့သို့ များပြားသော ဂီယာထိန်းချုပ်မှုစနစ် (Multiple gears system) မလိုဘဲ လျှပ်စစ်မော်တာစွမ်းအင်ကို လီဗာ (Accelerator) တိုးလျှော့ပေးခြင်းဖြင့် ညင်သာစွာ ထိန်းချုပ်မှုပြုနိုင်ပါသည်။ ICE ယာဉ်များတွင် ဘရိတ် (Brake) ဖမ်းအရှိန်လျှော့ရခြင်းသည် အရှိန်အဟုန် ထိန်းချုပ်ရန် အားထည့်ဘရိတ်ဖိနင်းပြီး ရုတ်တရက် အရှိန်သတ်ရသဖြင့် အရှိန်များရရှိရန် ဖန်တီးထားခဲ့ရသည့် စွမ်းအင်များ လေလွင့်ဆုံးရှုံးစေခြင်း၊ အရှိန်ဖြင့်သွားနေသည်မှ ရုတ်တရက် ဘီးလည်ပတ်မှုရပ်ရန် ဘရိတ်ဖမ်းသောအခါ ဘရိတ်ရှုးနှင့် ဘရိတ်ဒရမ် (Brake shoe and Brake drum)တို့ ဖိညှပ်ဖမ်းရခြင်း မကြာခဏပြုလုပ်ရသဖြင့် စားသွားခြင်းကြောင့် လဲလှယ်ရသော ငွေကုန်ကျသည့်စရိတ်တို့ ဖြစ်စေပါသည်။ ICE ယာဉ်များ လည်ပတ်ရာတွင် စက်သုံးလောင်စာဆီနှင့်အတူ အင်ဂျင်ဝိုင် (Engine oil)၊ ဂီယာဝိုင် (Gear oil)၊ ကရောင်းဝိုင် (Crown oil)၊ ပလပ်များ (Ignition plugs) အတွက် ကုန်ကျစရိတ်များရှိပါသည်။ ကမ္ဘာပေါ်တွင် တွင်းထွက်လောင်စာဆီ (Crude Oil) ထုတ်လုပ်ရရှိနိုင်မှု ကျဆင်းလာ၍ ဈေးနှုန်းကြီးမြင့်လာသော လောင်စာဆီသုံးစွဲမှုနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများမှ ချမှတ်ထားသည့် ရည်မှန်းချက် မူဝါဒများပေါ်မူတည်၍ ကားကုမ္ပဏီကြီးများမှာ လက်ရှိ ICE ကားများအစား EV ကားများ ပြောင်းလဲ ထုတ်လုပ်သွားကြသည်နှင့်အမျှ ICE လည်ပတ်မှုအတွက် လိုအပ်သော Spare part များဝယ်ယူရရှိရေး အခက်အခဲ ဖြစ်လာတော့မည်ကိုလည်း မျှော်တွေးမိထားရန် လိုအပ်ပါသည်။




**အဓိကအစိတ်ပိုင်းဖြစ်သည့် လွယ်ကူစွာ တည်ဆောက်ထားသည့် မော်တာ၊ အင်ဗာတာနှင့် ဘက်ထရီသာပါသည့် လည်ပတ်စေမှုစနစ်ဖြင့် တည်ဆောက်ထားသည့် EV**




**များပြားသည့်ပစ္စည်း အစိတ်အပိုင်းများဖြင့် ရှုပ်ထွေးစွာ ဖွဲ့စည်းထားသည့် ICE အင်ဂျင်စနစ် တည်ဆောက်ထားမှု**

ကမ္ဘာတွင် EV ကားများသုံးစွဲလာခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း မိမိတို့မှ ယခုစတင်သုံးစွဲရန် စီမံကြိုးပမ်းမှုသည် နောက်မကျဘဲ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် EV ကားများကို သုံးစွဲလာနိုင်မည် ဖြစ်ပါသည်။ လတ်တလော နိုင်ငံတကာသုံးနေသည့် နောက်ဆုံးပေါ်နည်းပညာ (Latest High Tech Version) ဖြင့် ထုတ်လုပ်ထားသည့် EV ကားများကို မိမိတို့က ယခုစတင် အသုံးပြုကာ ဖြတ်လမ်း (Short cut) မှတစ်ဆင့် ထပ်မံတိုးတက်လာမည့် နည်းပညာများကို ၎င်းတို့နှင့်အတူ လိုက်ပါဖော်ဆောင်သွားနိုင်မည် ဖြစ်ပါသည်။

အစိုးရတစ်ဖွဲ့တည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် နိုင်ငံတော်မှချမှတ်ပေးမည့် မြန်မာနိုင်ငံအတွင်း လျှပ်စစ်ယာဉ်များ ကျယ်ပြန့်စွာသုံးစွဲနိုင်ရေး မူဝါဒအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပမှ ပူးပေါင်းပါဝင် ရင်းနှီးမြှုပ်နှံကြမည့် အတွေ့ပရမ္မတသူ လုပ်ငန်းရှင်ကြီးများ၊ စေတနာထား၍ ပါဝင်ပေါင်းစပ် ဆက်စပ်အကောင်အထည်ဖော်ပေးနိုင်ကြမည့်သူများ အားလုံး၏ စုပေါင်းစွမ်းအားဖြင့် မိမိနိုင်ငံအတွက် အကျိုးများစေသော လောင်စာဆီသုံးစွဲမှု ချွေတာခြင်းဖြင့် FE ဆုံးရှုံးမှုကို ထိရောက်စွာလျှော့ချပေးနိုင်သည့် EV ယာဉ်များကို ICE ယာဉ်များနေရာတွင် အစားထိုး သုံးစွဲနိုင်ခြင်း အစီအမံကြီး ရုပ်လုံးပေါ်လာမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

❑ *ကျောဖုံးမှ*

ဆောင်ရွက်နိုင်ရေးတို့ကို အထူးဦးစားပေး လုပ်ငန်းများအဖြစ် လမ်းညွှန်မှု ပံ့ပိုးမှုများပေးအပ်ခဲ့ရာ ၂-၁၀-၂၀၂၁ ရက်အထိ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဝယ်ယူထားသော ကာကွယ်ဆေးနှင့် မိတ်ဆွေနိုင်ငံများမှ လှူဒါန်းသောကာကွယ်ဆေး စုစုပေါင်း(၃၃) သန်းကျော် doses အား လက်ခံရရှိပြီးဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားခြင်းနှင့် လှူဒါန်းခြင်းမှ ကာကွယ်ဆေး (၁၄) သန်း doses ထပ်မံရရှိမည် ဖြစ်ပါသည်။ ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးကိုလည်း မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းထိုးနှံရာတွင် ပုဂ္ဂလိကကဏ္ဍမှလည်း ကျယ်ပြန့်စွာပါဝင် ဆောင်ရွက်ခြင်း ပြုနိုင်ရန်အတွက် စနစ်တကျ တင်သွင်းခွင့်ပြုလျက်ရှိပါသည်။

၄။ နိုင်ငံတော်၏အစီအစဉ်ဖြင့် ဝယ်ယူထားသော ကာကွယ်ဆေးများ၊ လှူဒါန်းမှုများမှရရှိသော ကာကွယ်ဆေးများနှင့် ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းသော ကာကွယ်ဆေးများကို အသုံးပြု၍ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းလမ်းညွှန်နှင့်အညီ ရေးဆွဲထားသည့် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး စီမံချက် (Myanmar National COVID-19 Vaccine Deployment Plan) အရ အသက်အုပ်စုအလိုက် ပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အကျဉ်းထောင်/အချုပ်ထောင်မှ အကျဉ်းသားများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ တပ်ဖွဲ့ဝင်နှင့် မိသားစုဝင်များ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ယာယီစခန်းများတွင် ရောက်ရှိနေသူများ၊ အသက် (၁၂) နှစ်နှင့်အထက် ကျောင်းသားလူငယ်များ စသည်ဖြင့် ဦးတည်အုပ်စု (၂၄) ခု သတ်မှတ်၍ ဦးစားပေးအစီအစဉ်များအလိုက် ကာကွယ်ဆေးထိုးနှံခြင်း စီမံခန့်ခွဲမှုသတင်းအချက်အလက်စနစ် (Vaccine Management Information System-VMIS) တွင် စနစ်တကျထည့်သွင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။ ထိုသို့ထိုးနှံပေးရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးနှင့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ၊ လူမှုစီးပွားအဆင့်အတန်း၊ နိုင်ငံရေးနီးနွယ်မှုအရ ခွဲခြားခြင်းမပြုဘဲ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကာကွယ်ဆေးထိုးနှံပြီးပါကလည်း ထိုးနှံပြီးကြောင်း QR code ပါရှိသည့် လက်မှတ်များကိုလည်း ထုတ်ပေးလျက်ရှိပါသည်။

၅။ ၂၇-၁-၂၀၂၁ ရက်နေ့မှ ၄-၁၀-၂၀၂၁ ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၈.၆၈) သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးဖြစ်ပါသည်။ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃.၉၂) သန်း၊ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေ၏ (၁၀.၆၁)ရာခိုင်နှုန်းခန့်ကို အကြိမ်ပြည့်ထိုးနှံပေးပြီး ဖြစ်ပါသည်။ ပထမအကြိမ် ထိုးနှံပြီးသူမှာလည်း (၄.၇၆) သန်းရှိပါ၍ စုစုပေါင်းအကြိမ်ရေ (၁၂.၆) သန်း ထိုးနှံပြီးဖြစ်ကာ ရည်မှန်းကာကွယ်ဆေးအကြိမ်ရေ၏ (၁၇.၀၈)ရာခိုင်နှုန်းအား ထိုးနှံပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေး လွှမ်းခြုံမှုများ အပြည့်အဝရရှိစေရေးအတွက် မိမိတို့ရရှိထားသည့် ကာကွယ်ဆေးများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်များ အပါအဝင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာနေရာများကို တရားမဝင် အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများမှ ၃၀-၉-၂၀၂၁ ရက်နေ့အထိ အကြမ်းဖက်တိုက်ခိုက်မှု (၁၆) ကြိမ် ပြုလုပ်ခဲ့ခြင်းကြောင့်သာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် ကာကွယ်ဆေး လာရောက်ထိုးနှံသူများတွင် အသက်သေဆုံးသည်အထိ ဖြစ်ပွားခြင်းနှင့် ထိခိုက်ဒဏ်ရာရ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ပါသည်။

၇။ ဤကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများအပါအဝင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများရှိသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှု၊ Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ စီမံခန့်ခွဲမှု၊ Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ကျန်းမာရေး ဝန်ကြီးဌာနသည် နီးနွယ်ဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဟန်ချက်ညီညီပူးပေါင်း၍ ဓာတ်ခွဲနမူနာများ တိုးမြှင့်စစ်ဆေးပေးခြင်းအပါအဝင် ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု တတိယလှိုင်း၌ အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် ဒယ်လ်တာမျိုးဗီဇပြောင်းရောဂါပိုးကြောင့် ရောဂါဖြစ်ပွားမှုနှင့် ပိုးတွေ့ရှိမှုနှုန်း မြင့်မားခဲ့သော်လည်း ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာသည်နှင့်အတူ ရောဂါဖြစ်ပွားမှုနှင့် ပိုးတွေ့ရှိမှုနှုန်းများ သိသာစွာကျဆင်းလျက်ရှိရာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအနေဖြင့် အမှတ်စဉ် (၆)၊ သေဆုံးမှုအနေဖြင့် အမှတ်စဉ် (၅) နေရာတွင် ရှိနေပါသည်။

၈။ ၂၈-၇-၂၀၂၁ ရက်နေ့တွင် GAVI အဖွဲ့မှ လာရောက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး Pfizer ကာကွယ်ဆေးများ ပံ့ပိုးပေးနိုင်ရေး၊ UNICEF အဖွဲ့မှ အအေးလမ်းကြောင်း အဆင်သင့်ဖြစ်စေရေးအတွက် Ultra Cold Chain ရေခဲသေတ္တာများနှင့် ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် ဆေးထိုးအပ် AD Syringe 0.5 ml များ ပံ့ပိုးပေးနိုင်ရေး ညှိနှိုင်းခဲ့ပါသည်။ ၎င်းအပြင် ၃-၈-၂၀၂၁၊ ၁၂-၈-၂၀၂၁၊ ၁၆-၈-၂၀၂၁ နှင့် ၂၃-၈-၂၀၂၁ ရက်နေ့တို့တွင် GAVI, WHO နှင့် UNICEF အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့ အခြေစိုက် WHO, UNICEF ရုံးမှ ကိုယ်စားလှယ်များပါဝင်၍ ကမ္ဘာ့နိုင်ငံများသို့ Round-5 အဖြစ် ကာကွယ်ဆေးပံ့ပိုးရာတွင် မြန်မာနိုင်ငံသို့ Pfizer ကာကွယ်ဆေး (၄,၀၄၈,၂၀၀) doses နှင့် Round-6 အဖြစ် Sinovac ကာကွယ်ဆေး (၂,၄၃၂,၈၀၀) doses ကို ပံ့ပိုးပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

၉။ သို့ဖြစ်ပါ၍ GAVI COVAX Facility မှ ကာကွယ်ဆေးများ ပံ့ပိုးပေးမည်ဆိုပါက Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၏ ဦးဆောင်မှုများနှင့် ကာကွယ်ဆေးထိုးနှံခြင်းစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် (Vaccine Management Information System-VMIS) (vmis@mohs.gov.mm) တွင်ထည့်သွင်း၍ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၄ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော် စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၇၀ စုစုပေါင်း ၁၉၅ ဦးနှင့် လောက်ကိုင်မြို့ ရန်လုံကျိုင်းတံတားမှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမောက်မြို့နယ်၌ နန့်ကျရီချောင်းကူးတံတားပြီးစီးမှုအထိမ်းအမှတ် ရိုးရာဆုတောင်းပွဲကျင်းပ

**မိုးမောက် အောက်တိုဘာ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ကျရီ-ဒေါ်ကျေးရွာသွားလမ်းပေါ်ရှိ နန့်ကျရီချောင်းကူး နှစ်လွှာတစ်ထပ်သံပေါင်းဘေလီတံတား တည်ဆောက်ပြီးစီးသည့် အထိမ်းအမှတ်အဖြစ် ဒေသခံတိုင်းရင်းသားများ၏ ကချင်ရိုးရာဓလေ့ ဆုတောင်းပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါတံတား ပေါ်၌ ကျင်းပရာ ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးနှင့် မိုးမောက်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးတို့ တက်ရောက်ခဲ့သည်။



ယင်း ဘေလီတံတားကို IAURA ကုမ္ပဏီက တင်ဒါအောင်မြင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါတံတား တည်ဆောက်ပြီးစီးသဖြင့် ကျရီ-ဒေါ်ကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ ငါးရွာမှ အိမ်ထောင်စု ၂၉၆ စု၊ လူဦးရေ၁၆၂၂ ဦးတို့သည် တံတားကို အသုံးပြု၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❋ *ကျောဖုံးမှ*

မြိတ်ဆရာပူဇော်ပွဲစတင်ခဲ့တာက ကျောက်ဖြူမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်တင်တင်အုန်း လက်ထက်ကတည်းက စတင်ခဲ့တာဖြစ်တယ်။ ဟိုးအရင်နှစ်တွေကတော့ အထက-၁၊ စန္ဒကူးခန်းမနဲ့ စန်တိုက်နယ်တို့ကို သွားရောက်ပြီးတော့ ကျင်းပဖြစ်တယ်။ ဂါရဝပြုတဲ့ အခါမှာလည်း တပည့်သားမြေးတွေက မြိတ်ဆရာသီချင်းနဲ့ ပြီးတော့ မြိတ်ဆရာဂုဏ်ကိုဖော်ကြူးတဲ့ ရတုတွေနဲ့ အခမ်းအနားကို သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဆရာကြီး ဦးစောဝင်းလက်ထက်မှာတော့ ကိုဗစ်နဲ့ဖြစ်နေတဲ့အတွက် အဝေးရောက်စနစ်နဲ့ပဲ ကန်တော့ခဲ့ရပါတယ်။ အခုကျွန်မလက်ထက် ၂၀၂၁ ခုနှစ်မှာလည်း ကိုဗစ်ကာလဖြစ်နေတဲ့အတွက် ဆရာကြီး၊ ဆရာမကြီးတွေကို ကျွန်မတို့က အိမ်တိုင်ရာရောက်သွားရောက်ပြီး ပူဇော်ကန်တော့မှာ ဖြစ်ပါတယ်" ဟု ကျောက်ဖြူမြို့နယ်ပညာရေးမှူး ဒေါ်နနသာက ပြောသည်။

မြိတ်ဆရာပူဇော်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ပူဇော်ကန်တော့ခံ အသက် ၇၃ နှစ်အရွယ်ရှိပြီဖြစ်သည့် ဆရာမကြီး ဒေါ်တင်တင်အုန်းကလည်း "အခုလို ဆရာမကြီးတို့ အစဉ်ဆက်ခဲ့တဲ့ မြိတ်ဆရာပူဇော်ပွဲကို ဆက်လက်ပြီး အစဉ်အလာမပျက်ကျင်းပနိုင်တဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဆရာ ဆရာမတွေအနေနဲ့လည်း ကိုယ့်ရဲ့တပည့်တွေအပေါ် ကျောသားရင်သားမခွဲခြားဘဲနဲ့ သင်ကြားပို့ချပေးဖို့ ပြောချင်တယ်။ ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ စနစ်ဘယ်လိုပြောင်းပြောင်း ဆရာ ဆရာမတွေအနေနဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာနဲ့ သင်ကြားပို့ချပေးစေချင်ပါတယ်။ ဆရာသည် လူသားဥယျာဉ်မှူး၊ ပညာသည်သာ ရတနာဆိုတဲ့အတိုင်း တပည့်တွေကို ကြိုးစားပြီး သင်ကြားပို့ချကြဖို့ ပြောချင်ပါတယ်" ဟု ပြောသည်။

ကျောက်ဖြူမြို့နယ်တွင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမ ၂၁၇၁ ဦးရှိကြောင်း၊ ဆရာ ဆရာမတစ်ဦးစီအား တစ်လလျှင် ၅၀၀ ကျပ်နှုန်းကောက်ခံ၍ ပုံမှန်လစဉ် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစုစာအုပ်ဖွင့်ကာ ပဒေသာပင်စိုက်ထူပြီး မြိတ်ဆရာပူဇော်ပွဲကျရောက်သည့်ကာလမှသာ ထုတ်ယူ၍ ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် မြိတ်ဆရာ ၁၃၄ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှစ်သောင်းစီကို ကန်တော့ခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# မြန်မာနှင့် ယနေ့အကြမ်းဖက်မှုပြဿနာ

## ပြည်ထောင်စုသားတစ်ဦး

မြန်မာသည် ယနေ့ မျက်မှောက်ကာလတွင် သမိုင်းကြောင်းတစ်လျှောက် မကြုံဖူးသည့် အကြမ်းဖက်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

တိတိကျကျဆိုရလျှင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းလွဲမှားမှုများ၊ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် တပ်မတော်၏ နည်းလမ်းရှာဖြေရှင်းပေးရန် တောင်းဆိုမှုများအပေါ် အာဏာရပါတီ NLD က ငြင်းပယ်ကာ နိုင်ငံတော်၏ အာဏာကို မတရားသော နည်းလမ်းဖြင့် အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် တပ်မတော်သည် နိုင်ငံတော်အား နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ တာဝန်ကိုရယူခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းကာလများဟု ဆိုရမည်ဖြစ်သည်။

အကြမ်းဖက်အဖွဲ့အစည်းများကလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် ပေါ်ပေါက်လာသော အသစ်ကျပ်ချွတ် အဖွဲ့အစည်းများဖြစ်သည့် CRPH, NUG နှင့် PDF အကြမ်းဖက်အဖွဲ့တို့ဖြစ်ကြသည်။

### အကြမ်းဖက်မှုများကြောင့် ပျက်စီးမှု

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ပြီးခဲ့သည့် စက်တင်ဘာလ ၂၇ ရက်နေ့အထိ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများမှ လက်နက်ကိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကြောင့် မြို့နယ် ၁၀၅ မြို့နယ်တွင် ရဲစခန်း ၁၁၆ ခု၊ ရဲကင်း ၄၆ ကင်း၊ ရုံး ၂၈ ရုံး၊ အဆောက်အဦ ၅၈ လုံး ပျက်စီးခဲ့သည်။

မီးရှို့ဖျက်ဆီးမှုကြောင့် မြို့နယ် ၁၈၃ မြို့နယ်တွင် ဌာနဆိုင်ရာရုံး/အဆောက်အဦ ၃၇၅ လုံး ပျက်စီးခဲ့သည်။

ဒလန်ဟုစွပ်စွဲကာ လုပ်ကြံခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ သေဆုံးဒဏ်ရာရရှိမှုမှာ သေဆုံးသူ ၄၀၆ ဦး၊ ဒဏ်ရာရရှိသူ ၂၈၅ ဦးရှိခဲ့သည်။

မြို့နယ် ၃၇၂ မြို့နယ်တွင် လက်ပစ်ဗုံး/လက်လုပ်ဗုံး ပစ်ခတ်မှု၊ တွေ့ရှိမှုဖြစ်စဉ် အကြိမ် ၂၄၆၀၊ မြို့နယ် ၁၃၄ မြို့နယ်တွင် တူမီးသေနတ်ဖြင့်ပစ်ခတ်မှုဖြစ်စဉ် အကြိမ် ၃၄၀၊ မြို့နယ် ၂၆ မြို့နယ်တွင် လက်နက်ကြီးဖြင့်ပစ်ခတ်မှုဖြစ်စဉ် ၃၄ ကြိမ်၊ မြို့နယ် ၄၂ မြို့နယ်တွင် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးမှုဖြစ်စဉ် ၅၆ ကြိမ်၊ မြို့နယ် ၁၄ မြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံ၊ စူပါမားကတ်များအား မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ၃၁ ကြိမ်နှင့် မြို့နယ် ၁၂၆ မြို့နယ်တွင် လူနေအိမ်နှင့် အခြားပစ္စည်းများမီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ၃၄၉ ကြိမ်အထိ ရှိခဲ့ကြောင်း သိရသည်။

### အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်

NUG အကြမ်းဖက်အဖွဲ့က စက်တင်ဘာလ ၇ ရက်နေ့တွင် တော်လှန်ရေးတစ်ဆင့်တက်ပြီဟုဆိုကာ အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် လှုံ့ဆော်ပြီးနောက်ပိုင်းတွင် အကြမ်းဖက်မှုများ အရှိန်အဟုန်ပြန်လည်တက်လာသည်။ ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်ရှိ ဆိုက်ကားသမားနှင့် မန္တလေးမြို့က သုံးဘီးယာဉ်မောင်းပါမကျန် ဒလန်ဟု စွပ်စွဲကာ အကြမ်းဖက်သမားများသည် နေ့လယ်နေ့ခင်းအချိန်မှာပင် သေနတ်ဖြင့် အနီးကပ်ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ နယ်မြို့ငယ်လေးများတွင်မူ အကြမ်းဖက်သမားများနှင့် ဝန်းရံထောက်ခံသူများသည် အပြစ်မဲ့ပြည်သူ မိသားစုဝင်များကို ငါးလောင်းပြိုင်၊ ခြောက်လောင်းပြိုင်အထိပင် ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။

ယခုနောက်ပိုင်း အကြမ်းဖက်မှုဖြစ်စဉ်များတွင် NUG အကြမ်းဖက်အဖွဲ့သည် မသိနားမလည်သေးသော လူငယ်များကိုစည်းရုံး၍ အကြမ်းဖက်မှုဖြစ်စဉ်များတွင် အသုံးချလာခဲ့ပြန်သည်။ အချို့လူငယ်များဆိုလျှင် အသက်မပြည့်သေးသည့် ကျောင်းသား လူငယ်ကလေးသူငယ်အရွယ်လေးများ ဖြစ်ကြသည်။

### သွေးထိုးမြှောက်ပင့်ပေး

NUG အကြမ်းဖက်အဖွဲ့၏ Online ပေါ်မှတစ်ဆင့် သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် PDF အကြမ်းဖက်အဖွဲ့ထဲက တစ်ဖွဲ့ဖြစ်သည့် F.F.F (Freedom Fighter Force) အဖွဲ့မှ အရွယ်မရောက်သေးသူ ကလေးသူငယ်များသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံသောနေရာများအား ဗုံးထောင်၊ ဗုံးခွဲခြင်းများကို ကျူးလွန်ခဲ့ကြသည်။ ၎င်းအကြမ်းဖက်အဖွဲ့မှ မကြယ်စင်နှင်းဝေဆိုပါလျှင် အသက် ၁၄ နှစ်၊ အောင်ကိုဦး၊ သန့်ဇင်နှင့် ခန့်သူရိန်တို့မှာ အသက် ၁၆ နှစ် အရွယ်မျှသာ ရှိကြသေးသည်။

NUG နှင့် PDF အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာပြည်သူများသည် တစ်နေ့တခြား စက်ဆုပ်ရွံ့ရှာလာသည်နှင့်အမျှ အဖျက်လုပ်ရပ်များကို ဆန့်ကျင်လာကြသောအခါ ၎င်းအကြမ်းဖက်အဖွဲ့အစည်းများသည် မသိနားမလည်သေးသော ကလေးသူငယ်များဘက်သို့ ဦးတည်စည်းရုံး၍ အသုံးချလာခဲ့ခြင်းဖြစ်သည်။

### စည်းရုံးသိမ်းသွင်း

တစ်ချိန်က ကမ္ဘာ့အကြမ်းဖက် အဖွဲ့အစည်းများဖြစ်ခဲ့သော ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PLO) အဖွဲ့၏ အယ်လ်ဖာတာအဖွဲ့၊ ပါလက်စတိုင်းလွတ်မြောက်ရေး ပြည်သူ့တပ်ဦးအဖွဲ့၊ ပြည်သူ့

> ❑ **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ပြီးခဲ့သည့် စက်တင်ဘာလ ၂၇ ရက်နေ့အထိ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများမှ လက်နက်ကိုင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုများကြောင့် မြို့နယ် ၁၀၅ မြို့နယ်တွင် ရဲစခန်း ၁၁၆ ခု၊ ရဲကင်း ၄၆ ကင်း၊ ရုံး ၂၈ ရုံး၊ အဆောက်အဦ ၅၈ လုံး ပျက်စီးခဲ့၊ ဒလန်ဟုစွပ်စွဲကာ လုပ်ကြံခံခဲ့ရသည့် အပြစ်မဲ့ပြည်သူ သေဆုံးဒဏ်ရာရရှိမှုမှာ သေဆုံးသူ ၄၀၆ ဦး၊ ဒဏ်ရာရရှိသူ ၂၈၅ ဦးရှိခဲ့**
>
> ❑ **အကြမ်းဖက်မှုများကို လက်ရဲဇက်ရဲ ကျူးလွန်လုပ်ဆောင်နိုင်ရန် အသက်မပြည့်သေးသည့် လူငယ်များ၊ အရွယ်မရောက်သေးသူ ကလေးငယ်များ၊ အမျိုးသမီးငယ်များကို "ဒီမိုကရေစီအရေး"၊ "လူ့အခွင့်အရေး" စသဖြင့် မဟုတ်တမ်းတရားဝါဒမှိုင်းတိုက်၍ အသုံးချစေခိုင်းခဲ့**

တပ်ဦး၏အထွေထွေဌာနချုပ် (GENERAL COMMAND)၊ ပါလက်စတိုင်းလွတ်မြောက်ရေး ပြည်သူ့ဒီမိုကရေစီတပ်ဦး၊ အယ်ဆာကွာခေါ်မိုးကြိုးသွားအဖွဲ့၊ အာရပ်လွတ်မြောက်ရေးတပ်ဦးအဖွဲ့၊ ဟားမာ့စ်၊ ဟစ်ဘိုလာ၊ တမီးလ် Black Tiger အဖွဲ့၊ Lashkar-e-Taiba(L-e-T) နှင့် အယ်လ်ကေဒါ စသည့်အကြမ်းဖက်အဖွဲ့အစည်းများကဲ့သို့ပင် NUG နှင့် PDF အကြမ်းဖက်အဖွဲ့သည် အရွယ်သုံးပါးမရွေး လူငယ်များ၊ ကလေးသူငယ်များနှင့် အမျိုးသမီးလေးများကိုပါ စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်မှု လုပ်ငန်းစဉ်များတွင် အသုံးပြုလာသည်။

အကြမ်းဖက်မှုများကို လက်ရဲဇက်ရဲ ကျူးလွန်လုပ်ဆောင်နိုင်ရန် အသက်မပြည့်သေးသည့် လူငယ်များ၊ အရွယ်မရောက်သေးသူ ကလေးငယ်များ၊ အမျိုးသမီးငယ်များကို "ဒီမိုကရေစီအရေး"၊ "လူ့အခွင့်အရေး" စသဖြင့် မဟုတ်တမ်းတရားဝါဒမှိုင်းတိုက်၍ အသုံးချစေခိုင်းခဲ့သည်။

တစ်ချိန်က တမီးလ်နိုင်ငံ ထူထောင်ရေးအတွက် လူ့အသက်ကိုပင် ပေးဆပ်သင့်သည်ဆိုသော သဘောတရားရေးရာ ရိုက်သွင်း၍ ကလေးသူငယ်များနှင့် အမျိုးသမီးများကို အသေခံဗုံးခွဲခိုင်းစေသော Black Tiger အကြမ်းဖက်အဖွဲ့နှင့် ဂျီဟတ်ဟူသည့် ခေါင်းစဉ်အောက်တွင် "မိမိကိုယ်မိမိ စွန့်လွှတ်အနစ်နာခံခြင်း" ဟူသော ဘာသာရေး အတွေးအခေါ်တို့ဖြင့် လူငယ်များကို သေတွင်းသို့ တွန်းပို့ခဲ့သည့် ဟားမာ့စ်၊ ဟစ်ဘိုလာ အကြမ်းဖက်အဖွဲ့ အစည်းများကဲ့သို့ပင် ဖြစ်လာသည်။

ထို့ကြောင့် အကြမ်းဖက်မှုနှင့် ရင်ဆိုင်ခဲ့ကြသော ကမ္ဘာ့နိုင်ငံကြီးများနည်းတူ အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ဘဏ္ဍာရေးနည်းလမ်း၊ နိုင်ငံရေးနည်းလမ်း၊ စစ်ရေးနည်းလမ်း၊ ဥပဒေနည်းလမ်းမျိုးစုံနှင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။

### အကြမ်းဖက်မှုဖြစ်စဉ်များ အရှိန်အဟုန်ကျဆင်း

NUG နှင့် PDF အကြမ်းဖက်အဖွဲ့၏ အရင်းအမြစ် Financial Resources ဖြစ်သည့် ငွေကြေးစီးဆင်းမှုများကို ဗဟိုဘဏ်က ဘဏ်လုပ်ငန်း စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ထိန်းကျောင်းစိစစ်ဆောင်ရွက်ခြင်း၊ ဥပဒေနည်းလမ်းအရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ နေအိမ်၊ တိုက်ခန်းများ ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက အဆိုပါငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည့်အပြင် တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဟူသည့် အသိပေးကြေညာချက်များ ထုတ်ပြန်ခြင်းတို့ကြောင့် အကြမ်းဖက်သမားများ၏ နယ်ပယ်သည် ကျဉ်းမြောင်းလာသည်။ အကြမ်းဖက်မှု ဖြစ်စဉ်များသည်လည်း တစ်စတစ်စ အရှိန်အဟုန် ကျဆင်းသွားသည်။

သို့ရာတွင် အကြမ်းဖက်မှုအန္တရာယ်ကို တားဆီးကာကွယ်ရန်မှာမူ တစ်နိုင်ငံတည်း၊ တစ်ဖွဲ့စည်းတည်းက ဆောင်ရွက်၍ မရနိုင်ချေ။ နိုင်ငံအချင်းချင်း ကွန်ရက်သဖွယ် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင် တားဆီးကာကွယ်ကြဖို့ လိုအပ်ပေသည်။


လူငယ်များ လမ်းမှားသို့ မရောက်စေရန် စာရိတ္တ၊ ကာယ၊ ဉာဏအားပြည့်ဝရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က ကဏ္ဍအလိုက် ရေတို၊ ရေရှည်စီမံကိန်းများ ဖော်ဆောင်သွားကြရပေမည်။ လူငယ်များ ဗဟုသုတ အတွေးအခေါ် မြင့်မားရေးအတွက်လည်း ကျောင်းစာကြည့်တိုက်များကို ပီပြင်စွာအသက်သွင်းဆောင်ရွက်ပေးခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်မှ ကင်းဝေးစေရန် အားကစားကို ဝါသနာပါအောင် ပြုစုပျိုးထောင်ပေးခြင်းများကိုလည်း လုပ်ဆောင်ကြရပါဦးမည်။

### ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက်

အထူးသဖြင့် မြန်မာလူငယ်မောင်မယ်များ အနာဂတ်တွင် ခေါင်းဆောင်ကောင်းများ ဖြစ်ထွန်းလာစေရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ပြည့်ဝလာစေရန်၊ နိုင်ငံတော်ကိုအလုပ်အကျွေးပြုနိုင်သည့် လူချွန်လူမွန် နိုင်ငံ့သားကောင်း ရတနာများ ဖြစ်လာစေရန် မိဘဆရာသမားများက ကြက်ကောင်းကြိုးမကွာ၊ ရင်အုပ်မကွာ ကြည့်ရှုစောင့်ရှောက်မွေးမြူကြရပါမည်။

သို့မှသာ မြန်မာလူငယ်မောင်မယ်များသည် အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ အကြောင်းနှင့်အကျိုး၊ အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြား သိမြင်နိုင်ပြီး အကြမ်းဖက်အဖွဲ့အစည်းများ၏ စည်းရုံးသွေးထိုးလှုံ့ဆော်မှုများကို ကြံ့ကြံ့ခံတွန်းလှန် ကာကွယ်နိုင်ပေလိမ့်မည်။ ယနေ့ မြန်မာရင်ဆိုင်ကြုံတွေ့နေရသော အကြမ်းဖက်မှုပြဿနာသည်လည်း တစ်စတစ်စလျော့ပါးပျောက်ကွယ်ကာ သာယာဝပြောသော မြန်မာ့လူ့ဘောင်ကို တည်ဆောက်နိုင်ပေမည်ဟု ယုံကြည်မိပါကြောင်း။ ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ်များ၌ အကြမ်းဖက်လုပ်ငန်း ဆောင်ရွက်နေသူများအား ဖမ်းဆီးရမိမှု အခြေပြဇယား




● *ကျောဖုံးမှ*

သာပေါင်းမြို့နယ် ညောင်ပင်လေးဆိပ်ကျေးရွာနေ **စိုးပိုင်(၃၅နှစ်)**အား ပစ္စတိုကျည်အိမ် တစ်ခု၊ လက်လုပ်လေသေနတ် တစ်လက်၊ လက်လုပ်မိုင်း နှစ်လုံး၊ ယမ်းတစ်ဘူးတို့နှင့် လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ဆက်ချောင်းကျေးရွာနေ **ရဲမိုး(၄၁နှစ်)**အား တူမီးသေနက် တစ်လက်နှင့်လည်းကောင်း၊ ကန်ကြီးထောင့်မြို့ (၁) ရပ်ကွက်နေ **အောင်အောင် (၃၈နှစ်)** အား လက်လုပ်သေနတ် တစ်လက်နှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံ စည်သူအောင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ၂၀ ရက်တွင် ကန်ကြီးထောင့်မြို့နယ် ကုလားကုန်ကျေးရွာရှိ ထန်းကုန်းလေးကျောင်းတိုက်နေ **အောင်မြင့်(၅၃နှစ်)**ကိုလည်းကောင်း၊ ကန်ကြီးထောင့်မြို့ (၄)ရပ်ကွက်နေ **ရဲလင်းနောင်(၃၁နှစ်)**၊ (၂)ရပ်ကွက်နေ **အောင်ခနေ(၁၉နှစ်)**၊ (၁)ရပ်ကွက်နေ ရဲဝင်းသူ (၃၇နှစ်)တို့ကို လည်းကောင်း၊ ပုသိမ်မြို့ (၅) ရပ်ကွက်နေ **ဇော်ထိုက် (၆၂နှစ်)** နှင့် **သက်ထားဝေ (၂၃နှစ်)** တို့ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ဇော်ထိုက်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၁ ရက်တွင် ကန်ကြီးထောင့်မြို့နယ် ညောင်ပင်ကျေးရွာနေ **ထက်ထက်(၂၆နှစ်)** အား လမ်းလျှောက်စကားပြောစက် တစ်လုံး၊ ဒူးလေး တစ်လက်၊ မြား ၃၄ ချောင်း၊ ကန့်မှုန့် တစ်ဘူး၊ ယမ်းမှုန့် ခုနစ်ဘူး၊ သံဘောစေ့ ၁၄၀၀၊ ယမ်းမီးခြစ်အလုံး ၆၀တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စည်သူအောင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၂ ရက်တွင် သာပေါင်းမြို့နယ် သန်လျက်စွန်းကျေးရွာ၊ ပုသိမ်-သာပေါင်း ကားလမ်း၊ မိုင်တိုင်အမှတ် ၀/၄ နှင့် ၀/၅ ကြားတွင် Light Truck အဖြူရောင်ယာဉ်ပေါ်မှ **စိုးမင်းထွန်း (၃၅နှစ်)**၊ **စစိုးမိုးကျော်(၂၉နှစ်)**၊ **အောင်ကိုကို (၁၉နှစ်)**၊ **ထွန်းအေး (၆၂နှစ်)**၊ **နေလင်းအောင် (၂၈နှစ်)**၊ **လှမျိုးမင်း (၃၈နှစ်)**၊ **လှကြည်(၄၈နှစ်)**၊ **ညီဇော်လတ် (၃၅နှစ်)**တို့ ရှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ညီဇော်လတ်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၃ ရက်တွင် သာပေါင်းမြို့နယ် ဘုရားဦးပေါက်ကျေးရွာနေ **သောင်းမြင့် (၄၆နှစ်)**အား ပစ္စတိုတစ်လက်၊ ကိုးမမကျည် ၁၅ တောင့်၊ ကျည်အိမ် တစ်ခု၊ တူမီးသေနတ် ငါးလက်၊ လက်လုပ်မိုင်း တစ်လုံးနှင့် ဖောက်ခွဲဖျက်ဆီးရေး ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ငွေဆောင်မြို့ ရှောက်ချောင်းကျေးရွာနေ **အောင်ခင်ဌေး (၃၅နှစ်)**အား ပုသိမ်-ငွေဆောင် ကားလမ်း၊ မိုင်တိုင်အမှတ်၊ ၂၈/၃ တွင် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ထွန်းအေးနှင့် စိုးမင်းထွန်းတို့၏ ထွက်ဆိုချက်အရ ၎င်းတို့၏ နေအိမ်များတွင် လက်နက်များ ဝှက်ထားကြောင်း သိရှိရသဖြင့် စက်တင်ဘာ ၂၃ ရက်တွင် သွားရောက်ရှာဖွေခဲ့ရာ ထွန်းအေးနေအိမ်အတွင်းမှ လက်လုပ်မိုင်း ၂၂ လုံး၊ တူမီး သေနတ်အတို တစ်လက်၊ တူမီးသေနတ် အရှည် ၁၂ လက်၊ လက်လုပ်လေသေနတ် နှစ်လက်၊ ယမ်း ၂၈ ဘူး၊ ပြုလုပ်ဆဲလက်လုပ်မိုင်းတစ်လုံး၊ ဖြောက်အိုး အလုံး ၇၀၊ ဆန်ကိုးအိတ်နှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ စိုးမင်းထွန်း နေအိမ်အတွင်းမှ တူမီးသေနတ်အရှည် လေးလက်ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ နေလင်းအောင်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၄ တွင် ကန်ကြီးထောင့်မြို့နယ် တစ်တစ်တူးချောင်းကျေးရွာ အနောက်ဘက်ငြိမ်းတင် နေအိမ်ခြံဝင်းအတွင်းမှ လက်လုပ်မိုင်း တစ်လုံး၊ တူမီးသေနတ် ခြောက်လက်၊ လက်လုပ် လေသေနတ် လေးလက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ခင်ဌေး၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၅ ရက်တွင် ငရုတ်ကောင်းမြို့ သဲဖြူကျေးရွာအနီးတောအတွင်းမှ **ချမ်းငြိမ်း(၂၁နှစ်)**ကို လက်လုပ်မိုင်း ၃၄ လုံး၊ ယမ်းကြိုး ၈၅ ချောင်း၊ ယမ်းပုံးတစ်ပုံး၊ သံဘောစေ့ ၁၅၀၊ 9V ဓာတ်ခဲ ၁၈ လုံး၊ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ဖမ်းဆီးရမိတရားခံ ညီဇော်လတ်၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၆ ရက်တွင် ကန်ကြီးထောင့်မြို့နယ် ဒိုးပင်စိတ်ကျေးရွာနေ မင်းမင်းပိုင်ဆိုင်သော ရော်ဘာခြံအတွင်းမှ ပစ္စတိုတစ်လက်၊ ကျည်အိမ် တစ်ခု၊ ၉ မမကျည် အတောင့် ၅၀၊ လမ်းလျှောက်စကားပြောစက် တစ်လုံး၊ Memory Stick တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ညီဇော်လတ်နှင့် နေလင်းအောင်တို့၏ ထွက်ဆိုချက်အရ စက်တင်ဘာ ၂၇ ရက်တွင် ကန်ကြီးထောင့်မြို့နယ် မြောင်ကြီးကျေးရွာနေ **စိန်ကံ (၃၉နှစ်)**အား လက်လုပ်စိန်ပြောင်း သုံးလက်၊ သံကိုယ်ထည် လက်လုပ်ဆုံလည်သေနတ် သုံးလက်နှင့်လည်းကောင်း၊ ပုသိမ်မြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ အောင်ချမ်းသာ(၃) ဆန်စက်အား ရှာဖွေရာဆန်စက်မန်နေဂျာ **မင်းစိုး(၄၁နှစ်)**အား လက်လုပ်ဗုံး ခြောက်လုံး၊ အသံဗုံး တစ်လုံးတို့နှင့် လည်းကောင်း၊ ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက်နေ **နေသက်စိုး (၃၉နှစ်)** အား Beretta ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ပွိုင့် ၂၂ ကျည်အတောင့် ၃၅၀၊ ၉ မမကျည် အတောင့် ၅၀တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ ရေကြည်မြို့နယ် ဘွဲ့ငူကျေးရွာ လယ်ကွက်အတွင်း မြေမြှုပ်ထားသော ယမ်းစိမ်း ၈၀ ကျပ်သား နှစ်ဘူး၊ ဒီတိုနေတာ အချောင်း ၉၀ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး မအူပင်မြို့နယ် နွားကြီးကုန်း ကျေးရွာနေသူ **သောင်းလှိုင် (၆၅နှစ်)**အား ၎င်း၏ နေအိမ်အနောက်ဘက်ရှိ ကိုင်း တောအတွင်း ဝှက်ထားသော လက်လုပ်တူမီးသေနတ် ၄၆ လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံများ ဖမ်းဆီးရမိမှုအနေဖြင့် ကျား ၂၇ ဦး၊ မ နှစ်ဦး ပေါင်း ၂၉ ဦး ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအနေဖြင့် ပစ္စတို သုံးလက်၊ ကျည်အိမ် ငါးခု၊ တူမီးသေနတ် ၇၅ လက်၊ လက်လုပ်လေသေနတ် ရှစ်လက်၊ လက်လုပ်စိန်ပြောင်း သုံးလက်၊ လက်လုပ်ဆုံလည်သေနတ် သုံးလက်၊ ဒူးလေး တစ်လက်၊ မြား ၃၄ ချောင်း၊ ၉ မမ ကျည် ၁၁၅ တောင့်၊ ပွိုင့်-၂၂ ကျည် အတောင့် ၃၅၀၊ လက်လုပ်မိုင်း ၆၇ လုံး၊ အသံဗုံး တစ်လုံး၊ ဖြောက်အိုးအလုံး ၇၀ ၊ ဒီတိုနေတာ ၉၀ ၊ ယမ်းဘူး ၄၄ ဘူး၊ ကန့် တစ်ထုပ်၊ သံဘောစေ့ ၁၅၅၀၊ လမ်းလျှောက်စကားပြောစက် နှစ်လုံး၊ ဆန်အိတ် ကိုးအိတ်၊ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မတ် ၁၄ ရက်တွင် ကန်ကြီးထောင့်မြို့နယ် ပိတောက်ပင်ကျေးရွာ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးအား **အောင်နိုင်ထွေးနှင့်** ဝေလင်း (ဖမ်းဆီးရန်ကျန်)တို့ နှစ်ဦးမှ မီးရှို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၁) ရပ်ကွက် ရွှေကန်သာ ကားဂိတ်အနီး၌

*စာမျက်နှာ ၁၁ သို့*

# မိတ္ထီလာမြို့ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်စတင်ထုတ်လုပ်ဖြန့်ဝေပေးလျက်ရှိ



**မိတ္ထီလာ အောက်တိုဘာ ၅**
မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် မြို့ဦးကျောင်းတိုက်တောင်ဘက်ရှိ မြေနေရာတွင် တည်ဆောက်ထားသည့် အောက်ဆီဂျင်စက်ရုံတွင် အောက်ဆီဂျင်စက် ရောက်ရှိတပ်ဆင်ပြီးစီး၍ မြို့နယ်အတွင်းရှိ ပရဟိတလူမှုကူညီရေးအသင်းများနှင့် အောက်ဆီဂျင်လိုအပ်သူများထံသို့ အောက်ဆီဂျင် စတင်ထုတ်လုပ်ဖြန့်ဝေပေးလျက်ရှိကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ပြီးခဲ့တဲ့ အပတ်ကတည်းက မိတ္ထီလာမြို့ အောက်ဆီဂျင် စက်ရုံအတွက် မှာယူထားတဲ့ အောက်ဆီဂျင်စက် ရောက်ရှိပြီး မှာယူတဲ့ကုမ္ပဏီရဲ့ အင်ဂျင်နီယာတွေက စက်ကို လာရောက်တပ်ဆင်ပေးပါတယ်။ စက်ရုံအတွက် ခန့်ထားတဲ့ ဝန်ထမ်းတွေကိုလည်း အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဝေတာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးခဲ့ပါတယ်။ အခုတော့ အောက်ဆီဂျင်စက် စတင်လည်ပတ် ပြီး မြို့နယ်အတွင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေအတွက် ကူညီဆောင်ရွက်ပေးနေတဲ့ ဒေသခံ လူမှုကူညီရေး ပရဟိတအသင်းတွေနဲ့ အောက်ဆီဂျင်လိုအပ်တဲ့သူတွေထံကို အောက်ဆီဂျင် စတင်ဖြန့်ဝေပေးနေပြီ ဖြစ်ပါတယ်။ အောက်ဆီဂျင်စက်က ထုတ်မယ်ဆို တစ်နေ့ကို လီတာ ၄၀ ဆံ့ အိုး ၁၂၀ အထိ ထုတ်လုပ်နိုင်ပေမယ့် လက်ရှိတော့ တစ်နေ့ကို လီတာ ၄၀ ဆံ့ အိုး ၈၀ အထိပဲ ထုတ်လုပ်ပါသေးတယ်။ လိုအပ်ရင် လီတာ ၄၀ ဆံ့ အိုး ၁၀၀ ကျော်အထိ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ လက်ရှိတော့ လီတာ ၄၀ ဆံ့ အိုးတစ်အိုးကို ငွေကျပ် ၃၀၀၀ နှုန်းနဲ့ ဖြန့်ဝေပေးနေပါတယ်"ဟု အဆိုပါ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဝေရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဦးဆောင်စေတနာရှင်များအဖွဲ့ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

မိတ္ထီလာမြို့ရှိ အဆိုပါအောက်ဆီဂျင်စက်ရုံအား ဒေသခံစေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဦးဆောင်စေတနာရှင်များအဖွဲ့တို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက် ဇူလိုင်လအတွင်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ စက်ရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ လျှပ်စစ်ထရန်စဖော်မာအိုး တည်ဆောက်ခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ အောက်ဆီဂျင်စက်ဝယ်ယူခြင်း စသည့်လုပ်ငန်းများအတွက် စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၂၈၀၀ ခန့် အကုန်အကျခံဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မတ္တရာမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆွေးနွေးပွဲ ပြုလုပ်




**မတ္တရာ အောက်တိုဘာ ၅**
ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက်က မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

အဆိုပါ ကမ္ဘာ့ဆရာများနေ့ ဆွေးနွေးပွဲတွင် မတ္တရာမြို့နယ် အထက (သုံးဆယ်ပေး)မှ ကျောင်းအုပ်ဆရာကြီး ဦးဇော်ထွန်းဦးနှင့် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူမြင့်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆရာကြီး ဦးဇော်ထွန်းဦးက ကမ္ဘာ့ဆရာများနေ့ ဖြစ်ပေါ်လာပုံ သမိုင်းနှင့် ဆရာများ၏ အခန်းကဏ္ဍကိုရှင်းပြပြီး နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးဖို့ဆိုလျှင် အနာဂတ်၏ သားကောင်း သမီးမွန်များ ပေါ်ထွက်လာအောင် လေ့ကျင့်သင်ကြားပေးသည့် ဝါသနာ၊ စေတနာ၊ အနစ်နာဆိုသည့် နာသုံးနာနှင့် ပြည့်စုံသည့် ဆရာ ဆရာမတွေရဲ့ အခန်းကဏ္ဍသည် အရေးကြီးလှကြောင်း၊ ဒါကြောင့် ဆရာ ဆရာမဆိုသည်မှာ ဒုတိယမိဘများ၊ ကမ္ဘာ့ဥယျာဉ်မှူးများ ဖြစ်ကြောင်း ဆရာ ဆရာမများ၏ ဂုဏ်ကျေးဇူးကိုရည်သန်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး**

## တောင်တွင်းကြီးမြို့နယ်၌ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များအား ဂုဏ်ပြု

**တောင်တွင်းကြီး အောက်တိုဘာ ၅**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ တစည Positive Centre တွင် ကူညီဆောင်ရွက်ပေးသည့် စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များအား ဂုဏ်ပြုပွဲကို ယမန်နေ့က အဆိုပါ စင်တာအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သက်ခိုင်ထွန်းနှင့် မြို့နယ်ဆရာဝန်ကြီး ဦးသောင်းဒန်ဦးတို့က အမှာစကားပြောကြားပြီး ပရဟိတအဖွဲ့ စေတနာ့ဝန်ထမ်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၅**
စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ငှက်ကြီးကျွန်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအမျိုးအစားအလိုက် ဆောင်ရွက်မှုအခြေအနေ စီမံကိန်းနှင့် ပတ်သက်သည့် အခက်အခဲများကို ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးရာ စစ်တွေခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝေ၊ ပုဏ္ဏားကျွန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် ဝန်ထမ်းများက စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးမှု၊ စာရင်းဇယားဖြည့်သွင်းထားရှိမှု အခြေအနေများနှင့် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*
ပြည်ခိုင်ဖြိုးပါတီဝင် ဦးမောင်မောင်မြင့်အား ကျော်ဇင်ထွေး (ဖမ်းဆီးရန်ကျန်)နှင့် **ဘိုဘိုထွန်း**တို့ နှစ်ဦးမှ သေနတ်ဖြင့် ပစ်ခတ်၍ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ရန်နှင့် ဒေသတွင်း ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကန်ကြီးထောင့်မြို့နယ် NLD ပါတီပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဝေယံအောင်က အဓိကစီစဉ်ညွှန်ကြားနေကြောင်း ပြည်သူများမှ သတင်းပေးပို့ခဲ့သဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအား ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားသည်။ **သတင်းစဉ်**



ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အောင်ဆန်းရပ်ကွက် သူရလွင်လမ်း နေအိမ်မှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ



မအူပင်မြို့နယ် နွားကြီးကုန်းကျေးရွာတွင် လက်လုပ်သေနတ်များ ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ

# အသက် ၁၈ နှစ်နှင့်အထက်များအတွက် ဖိုက်ဇာ ကိုဗစ် - ၁၉ ကာကွယ်ဆေး အပိုဆောင်းတစ်ကြိမ်ထိုးပေးရန် အီးယူထောက်ခံ




**ဘရပ်ဆဲလ် အောက်တိုဘာ ၅** ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား နောက်ထပ် တစ်ကြိမ် အပိုဆောင်း၍ ထိုးပေးရန် ဥရောပသမဂ္ဂ ဆေးဘက်ဆိုင်ရာ ကြီးကြပ်သူများက ထောက်ခံချက်ပေးခဲ့ သည်ဟု သိရသည်။

အောက်တိုဘာ ၄ ရက်တွင် ဥရောပဆေး အေဂျင်စီက ထောက်ခံချက် ပေးခဲ့ခြင်းဖြစ်သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးမပေးမီ ကာကွယ်ဆေး နှစ်ကြိမ် အရင်ထိုးပေးရန်သာ ဦးစားပေး အစီအစဉ်အဖြစ် ဥရောပဆေးအေဂျင်စီက အတည်ပြုပေးထားခဲ့သည်။

တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရမည့် သူများမှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီး အနည်းဆုံး ၂၈ ရက်ရှိရမည်ဖြစ်ပြီး ကိုယ်ခံအားစနစ် ဆိုးဆိုးရွားရွား အားနည်းသူများကိုသာ ထိုးပေးရန် ဥရောပဆေး အေဂျင်စီက ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်နှင့်အထက်များကိုမူ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီးသည်မှာ အနည်းဆုံး ခြောက်လရှိပြီးမှသာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် အေဂျင်စီက ပြောသည်။

တတိယအကြိမ် ကာကွယ်ဆေးအတွက် မော်ဒါနာဆေးကို ခွင့်ပြုပေးရန် အတွက်လည်း အချက်အလက်များကို အကဲဖြတ်နေသည်ဟု ဥရောပဆေး အေဂျင်စီက ပြောသည်။

ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့သည် ပြီးခဲ့သည့်လအတွင်းမှ စတင်ကာ သက်ကြီးရွယ်အိုများနှင့် ထိခိုက်လွယ်သူများကို ကိုဗစ် -၁၉ ကာကွယ်ဆေး တတိယအကြိမ် ထိုးပေးမှုများပြုလုပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်။

## အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက် နောက်ထပ်ငါးနှစ်သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**အဒစ္စအဘာဘာ အောက်တိုဘာ ၅**

အီသီယိုပီးယား ပါလီမန်သည် အောက်တိုဘာ ၄ ရက်တွင် လက်ရှိဝန်ကြီးချုပ် အဘီအာမက်ကို ဒုတိယအကြိမ် ငါးနှစ်သက်တမ်းအတွက် အတည်ပြုခဲ့ကြောင်း သိရသည်။

အဘီအာမက်၏ အောင်မြင်ဖြစ်ထွန်းခြင်း ပါတီသည် ဇွန်လအတွင်းက ပြုလုပ်သည့် အမျိုးသားရွေးကောက်ပွဲတွင်တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။

၎င်းမှာ တိုင်းပြည်၏ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာ ၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲတွင် အီသီယိုပီးယားသမ္မတ ဆာ့လေဝေ့ါခ်ဇုက အဘီအာမက်အတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

၎င်း၏ ရာထူးခန့်အပ်ပွဲအပြီးတွင် အာမက်အနေဖြင့် အစိုးရသစ်ဖွဲ့ရန် မျှော်မှန်းထားသည်။ အောက်တိုဘာ ၄ ရက်က ပြုလုပ်သည့်အခမ်းအနားတွင် အာဖရိကခေါင်းဆောင်များ၊ ဒေသတွင်းခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ဇွန်လအတွင်းက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင် အဘီအာမက်၏ ပါတီက ပါလီမန်တွင် ၄၃၆ နေရာ၌ ၄၁၀ အနိုင်ရရှိခဲ့သည်။ အာမက်ကို ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက တိုင်းပြည်၏ ဝန်ကြီးချုပ်အဖြစ် ပထမဆုံးအကြိမ် ခန့်အပ်ခဲ့သည်။

**ဆင်ဟွာ**

## အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အဆင်သင့်ရှိသည်ဟု ပါလက်စတိုင်း သမ္မတပြော

**ရမ်မလာ အောက်တိုဘာ ၅**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အောက်တိုဘာ ၄ ရက်က အမေရိကန်အရာရှိများနှင့် တွေ့ဆုံစဉ်အတွင်း အပြည်ပြည်ဆိုင်ရာမှ ဆုံးဖြတ်ချက်များအပေါ် အခြေခံကာ အစ္စရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်လမ်းကြောင်းကို လျှောက်လှမ်းရန် အဆင်သင့်ရှိသည်ဟု ပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းဆိုင်ရာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်အကြီးအကဲဖြစ်သူ ဟာဒီအာမာနှင့် ရမ်မလာမြို့တွင် တွေ့ဆုံစဉ် ပါလက်စတိုင်းသမ္မတက ယခုလိုပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ၏ သိမ်းပိုက်မှုကို အဆုံးသတ်ရန်နှင့် ၁၉၆၇ ခုနှစ် နယ်စပ်အပေါ် အခြေခံကာ ပါလက်စတိုင်း နိုင်ငံထူထောင်ရန်အတွက် အပြည်ပြည်ဆိုင်ရာမူဘောင်များအောက်တွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ညီလာခံကျင်းပရန်လိုအပ်သည်ဟုလည်း ပါလက်စတိုင်းသမ္မတက ပြောသည်။

လက်ရှိအခြေအနေများမှာ လက်ခံနိုင်ဖွယ်ရာမရှိဟုလည်း ၎င်းက ဆက်ပြောသည်။ ပါလက်စတိုင်းနယ်မြေများကို ကျူးကျော်ခြင်းနှင့် အခြေချနေထိုင်မှုများကို ရပ်တန့်ရန်အတွက် အစ္စရေးအပေါ် ဖိအားများပေးရန်လည်း ဟာဒီအာမာကို တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## အိုင်အက်စ်နှင့် ဆက်နွှယ်သော စစ်သွေးကြွ ၁၁ ဦးကို အာဖဂန်လုံခြုံရေးတပ်များ ဖမ်းဆီး

**ကဘူးလ် အောက်တိုဘာ ၅**

အာဖဂန်နစ္စတန် ကဘူးလ်မြို့ရှိ အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့်စစ်သွေးကြွ ၁၁ ဦးကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကာရီဆေယက်ဖ်ခိုစတီက အောက်တိုဘာ ၅ ရက်တွင် ပြောသည်။

အသေးစိတ်အချက်အလက်များကိုမူ ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။ ကဘူးလ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အိုင်အက်စ်တို့ကို ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့သည်။ အောက်တိုဘာ ၃ ရက်ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် အရပ်သား ရှစ်ဦးသေဆုံးခဲ့ပြီး ၂၀ ဒဏ်ရာရရှိခဲ့သည်။

အိုင်အက်စ်များ ပုန်းအောင်းနေသည့်အိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မွှေနှောက်ရှာဖွေမှုများ ပြုလုပ်ခဲ့ကြပြီး ပုန်းအောင်းသည့်နေရာအဖြစ် အသုံးပြုနေသူအားလုံးကို သတ်ဖြတ်ခဲ့သည်ဟုလည်း အစိုးရအဖွဲ့သစ် ပြောရေးဆိုခွင့်ရှိသူ ဇာဘိုင်ဟူလာမူဂျာဟစ်က ၎င်း၏ တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

**ဆင်ဟွာ**

## တူရကီတွင် နောက်ထပ် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၈၈၁၀ တွေ့ရှိ

**အင်ကာရာ အောက်တိုဘာ ၅**

တူရကီနိုင်ငံတွင် အောက်တိုဘာ ၄ ရက် ကိုဗစ်-၁၉ နောက်ထပ် ကူးစက်ခံရသူ ၂၈၈၁၀ ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ ၇၂၆၇၀၇၇ ဦး ရှိလာခဲ့သည်ဟု တူရကီကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြန်လည်ကျန်းမာလာသူ ၃၃၁၅၂ ဦး တိုးလာခဲ့သည်။ သေဆုံးသူဦးရေမှာ ၂၄၈ ဦးတိုးလာသည့်အတွက် ၆၄၉၀၉ ဦးအထိ ရှိလာခဲ့သည်။ အောက်တိုဘာ ၃ ရက်တွင် ဆေးစစ်မှုပေါင်း ၃၅၂၁၄ ဦးကို ပြုလုပ်ပေးနိုင်ခဲ့သည်။

တူရကီနိုင်ငံသည် ဇန်နဝါရီ ၄ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများကို စတင်ခဲ့သည်။

ပထမအကြိမ် ကာကွယ်ဆေးထိုးပြီးသူဦးရေ ၅၄ ဒသမ ၁၄ သန်းရှိပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၄၅ ဒသမ ၂၅ သန်းရှိပြီဖြစ်သည်။

တူရကီနိုင်ငံသည် အပိုဆောင်းထိုးပေးသည့် ကာကွယ်ဆေးအပါအဝင် ယခုအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၁၁၀ ဒသမ ၇၄ သန်း ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**ဆင်ဟွာ**



အင်ကာရာမြို့ရှိ ဆေးရုံတွင် ကိုဗစ်-၁၉ လူနာကို ကုသပေးနေစဉ်။

# ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးသစ်ပြော

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးသစ်က ကိုဗစ်-၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရေးသည် အရေးကြီးဆုံး ကိစ္စရပ်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီး ဂိုတိုရှိဂီယူကီကို ၎င်း၏ဝန်ထမ်းများက နွေးထွေးစွာကြိုဆိုခဲ့ကြသည်။ ၎င်း၏ ဦးစားပေးဆုံး ကိစ္စရပ်သည် ပြည်သူများ၏ အသက်များနှင့်ဘဝများကို ကာကွယ်ပေးနိုင်ရန် ဗိုင်းရပ်စ်ကာကွယ်ရေး ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်ကြောင်း ဝန်ကြီးသစ်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆေးဝါးများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်လုပ်ကိုင်ရန် ၎င်းအား ဝန်ကြီးချုပ် ဖူမီယို ကီရှီးဒါးက ပြောကြားထားကြောင်း ဂိုတိုက ပြောသည်။

ကိုရိုနာဗိုင်းရပ်စ်လူနာများကို ကုသရန် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကိုလည်း လူနာခုတင်နှင့် ဝန်ထမ်းအင်အားဖြည့်ဆည်းပေးမှုများပါ မကျန် တတ်နိုင်သမျှကူညီသွားရန် စီစဉ်ထားကြောင်း ဂိုတိုက ပြောသည်။

ထို့အပြင် နိုင်ငံ၏ ကျန်းမာရေးစီမံခန့်ခွဲရေးစနစ်များကိုပါ တိုးမြှင့်လုပ်ဆောင်သွားရန် ညွှန်ကြားခြင်းခံထားရကြောင်း ဂိုတိုက ပြောသည်။ ၎င်း၏ အခန်းကဏ္ဍကို အကောင်းဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**



ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီး ဂိုတိုရှိဂီယူကီ



ကမ္ဘာ့စတုတ္ထ လူဦးရေအထူထပ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၃၈၅၃၀၄၈ ဦးရှိလာ

နယူးဒေလီ အောက်တိုဘာ ၅

**အိန္ဒိယနိုင်ငံတွင် အောက်တိုဘာလအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၃၄၆ ဦး ရှိလာသောကြောင့် အောက်တိုဘာ ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၃၈၅၃၀၄၈ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။**

အဆိုပါကာလအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၆၃ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၄၄၉၂၆၀ အထိ ရှိလာခဲ့သည်။

တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုအများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ် ဖြစ်သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၅၂၉၀၂ ဦးအထိ ရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၅၅၆ ဦးအထိ လျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၃၁၅၀၈၈၆ ဦး ရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် အောက်တိုဘာ ၅ ရက်က ဆေးရုံမှ ဆင်းလာသူ ၂၉၆၃၉ ဦး ရှိသည်။

**ဆင်ဟွာ**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာရယူနေသည်ကို တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူ ၅၃ ဒသမ ၆၅ သန်းရှိလာ

**ဂျကာတာ အောက်တိုဘာ ၅**

အင်ဒိုနီးရှားနိုင်ငံတွင် အောက်တိုဘာ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၀၄ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၂၂၁၆၁၀ အထိ ရှိလာခဲ့သည်။

ယင်းကာလအတွင်း ကိုဗစ်-၁၉ ကြောင့် ၇၇ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၂၃၃၈ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၂၅၅၈ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၄၉၄၄၉ ဦး အထိ ရှိလာသည်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၅၃ ဒသမ ၆၅ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၉၄ ဒသမ ၉၃ သန်းရှိကြောင်းကျန်းမာရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန် ကြေညာလိုက်သည်။

အင်ဒိုနီးရှားအစိုးရ သည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနိမ့်ဆုံးဖြစ်

**မနီလာ အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၉၀၅၅ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၁၃၀၇၀ အထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဩဂုတ် ၁၀ ရက်မှစကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအနိမ့်ဆုံး ဖြစ်ခဲ့သည်။ အောက်တိုဘာ ၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် သိသိသာသာကျဆင်းလာခြင်းသည် ဓာတ်ခွဲခန်းရလဒ် လျော့နည်းခြင်းကြောင့်ဖြစ်ကြောင်းနှင့် ဓာတ်ခွဲခန်း ခုနစ်ခုကလည်း အချက်အလက်များ ပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီး သူပေါင်း သန်း ၂၀ ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

## အာဖရိက၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈ ဒသမ ၃၄ သန်းကျော်လွန်

**အဒစ္စအာဘာဘာ အောက်တိုဘာ ၅**

အာဖရိကတွင် အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၃၄၃၉၆၇ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ၂၁၂၄၈၄ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၆၈၇၉၃၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၉၀၆၈၅၁ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး စံချိန်တင်ဖော်ပြခဲ့ပြီး အာဖရိကမြောက်ပိုင်းနိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် အောက်တိုဘာ ၅ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၃၅၅၆၀ ရှိကြောင်း သိရသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး၊ အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိက အလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်ဆန်လှူရှင်အသင်းတို့၏ ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပ

ပြည် အောက်တိုဘာ ၅

**တပ်မတော်(ကြည်း၊ရေ၊လေ)၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်ဆန်လှူရှင်အသင်းတို့၏ ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင် ကျောင်းများအား ဆွမ်းဆန်တော်များ၊ ဆီ၊ ပဲ၊ ဆားနှင့် နဝကမ္မအလှူငွေများ လောင်းလှူကြသည်။**



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပြည်မြို့ ဆံတော်ရပ်ကွက် မဟာသုဒဿနာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသေဋ္ဌိလထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ပြည်ဆန်လှူရှင်အသင်းကြီး၏ ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော် သံဃာတော‌များထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်မြို့ ဆံတော်ရပ်ကွက် မဟာသုဒဿနာရာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ပြည်ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ၅၁၈ ကျောင်းနှင့် သီလရှင်စာသင်တိုက် ၁၄၉ ကျောင်းတို့အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် ပြည်သူများမှ စုပေါင်း၍ ဆွမ်းဆန်တော် ၁၄၀၄ အိတ်နှင့် ၁၇ ပြည်၊ ဆီပိဿာ ၂၈၀၊ ပဲ ၆၈၁ ပိဿာ ၅၀ ကျပ်သား၊ ဆား ၁၃၉၈ ပိဿာနှင့် နဝကမ္မအလှူငွေကျပ် ၅၄၀၀၀၀၀ တို့ကို ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်**

# သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူနိုင်ရေး သတ်မှတ်အရောင်းဆိုင်များတွင် စက်သုံးဆီဖြန့်ဖြူးရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးရှိ သတ်မှတ် အရောင်းဆိုင်များတွင် သက်သာသော ဈေးနှုန်းဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချနေမှုများကို တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မော်လင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးကျော်သူရဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။



ရေးဦးစွာ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် သာကေတမြို့နယ် ရွှေဖျိုင်းဖြူ စက်သုံးဆီအရောင်းဆိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် သာကေတမြို့နယ် ရှုခင်းသာလမ်းမပေါ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် မာလာနွယ်လမ်းထောင့်ရှိ REGENCY စက်သုံးဆီအရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ Consumer များအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိခြင်း ရှိ၊ မရှိများကို မေးမြန်းကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်သုံးဆီဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ထားရှိရန်၊ မိမိတို့ဆိုင်များတွင် စက်သုံးဆီလာရောက်ဝယ်ယူကြသည့် မော်တော်ယာဉ်များကြောင့် ယာဉ်ကြောကျပ်တည်းမှု မဖြစ်ပေါ်စေရေး၊ အခြင်အတွယ် အရည်အသွေး ပြည့်မီမှန်ကန်မှုရှိရေးတို့ကို မှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်သူများ စက်သုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်ပြီး ဆိုင်များတွင် ဗီနိုင်းစတေကာများဖြင့် ဈေးနှုန်းကို ကြော်ငြာ၍ စက်တင်ဘာ ၂၃ ရက်မှစတင်၍ တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်အရောင်းဆိုင် ၁၉၉ ဆိုင်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချပေးနေကြောင်း သိရသည်။

ယခင် RON 92 တစ်လီတာ ၁၅၅၅ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာ ၁၅၅၅ ကျပ်၊ Premiun ဒီဇယ် တစ်လီတာ ၁၅၆၅ ကျပ်ဖြင့် ရောင်းချလျက်ရှိရာ ယခု RON 92 တစ်လီတာ ၁၁၂၂ ကျပ်၊ ရိုးရိုးဒီဇယ် တစ်လီတာ ၁၁၁၇ ကျပ်၊ Premiun ဒီဇယ် တစ်လီတာ ၁၁၂၄ ကျပ်သို့ လျှော့ချရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

## ပေါက်တောမြို့နယ် တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ပေါက်တော အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် တိုက်ပွဲရှောင်စခန်း သုံးခုရှိ ပြည်သူများအား Sinovac (Coronavac) ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ပေါက်တောမြို့နယ် စိုင်းတုတ်ကျေးရွာစုရပ် ဘုန်းတော်ကြီးကျောင်း ခြံဝင်းအတွင်း ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ထိုးနှံပေးသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကိုကိုအောင် ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများနှင့် ကျေးရွာရှိ စေတနာ့ဝန်ထမ်းများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ကာကွယ်ဆေးထိုးနှံပေးရာ၌ စိုင်းတုတ် တိုက်ပွဲရှောင်စခန်းစုရပ်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံလာသူ စိုင်းတုတ်တိုက်ပွဲရှောင်စခန်းမှ အမျိုးသား၊ အမျိုးသမီး ၄၉ ဦး၊ ကံဆိပ်ကျေးရွာ တိုက်ပွဲရှောင်စခန်းမှ အမျိုးသား၊ အမျိုးသမီး သုံးဦး၊ နားငွေကျေးရွာ တိုက်ပွဲရှောင်စခန်းမှ အမျိုးသား၊ အမျိုးသမီး သုံးဦးတို့ အပါအဝင် တိုက်ပွဲရှောင်စခန်း သုံးခုမှ ကာကွယ်ဆေး လာရောက်ထိုးနှံကြသူ စုစုပေါင်း ၅၅ ဦး ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောက်တော်မြို့ရှိ နေပူခံတိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအား ကာကွယ်ဆေးထိုးနှံ

**ကျောက်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့ နေပူခံတိုက်ပွဲရှောင်စခန်း ယာယီဖွင့်လှစ်ထားသောနေရာသို့ လာရောက်ခိုလှုံနေကြသော အသက်(၁၈)နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Sinopharm) ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက နေပူခံ တိုက်ပွဲရှောင်စခန်းရှိ သတ်မှတ်စုရပ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကိုဗစ်ကာကွယ်ဆေးများ ဒုတိယအကြိမ် ဆက်လက် ထိုးနှံပေးလျက်ရှိသည်။



ထိုသို့ ဒုတိယအကြိမ် ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်၏ စီမံဆောင်ရွက်မှုဖြင့် မြို့နယ် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နေပူခံတိုက်ပွဲရှောင်စခန်းတာဝန်ခံများ ပူးပေါင်းကာ ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးသည်။

ယနေ့တွင် နေပူခံတိုက်ပွဲရှောင်စခန်းရှိ အသက်(၁၈)နှစ်အထက် ပြည်သူ ၈၇၆ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

# အောက်တိုဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၂၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၃၆ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၉၅၇ ဦးရှိ

**(၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၄-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၂၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၈.၄) ရာခိုင်နှုန်း** ရှိပါသည်။


သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၁၁,၃၁၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၁,၃၀၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၅၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၅,၄၄၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၉၅၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၇၀)ခု | (၂၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့်ဓာတ်ခွဲ စမ်းသပ်မှုအခြေအနေ | (၈၂)ခု | (၂၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၁၆၀)ခု | (၂၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၆၈)ခု | (၁၀၀)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၃၈)ခု | (၁၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၈)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉)ခု | (၈၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၈၉၀)ခု | (၁,၂၄၉)ဦး |
| စုစုပေါင်း | (၁၈,၁၃၅)ခု | (၁,၅၂၆)ဦး |

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း အတွင်းရောဂါဖြစ်ပွားမှု အခြေအနေ
(၂၇-၅-၂၀၂၁ မှ ၄-၁၀-၂၀၂၁)




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းလာခဲ့ပါသည်။ ထိုသို့ စနစ်တကျဆောင်ရွက်နိုင်ခြင်းနှင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းကျဆင်းလာခြင်းများကြောင့် တိုင်းဒေသကြီး/ ပြည်နယ်(၃)ခုရှိ မြို့နယ်(၆) မြို့နယ်အား နေအိမ်တွင် နေထိုင်ရေး အစီအစဉ် (Stay at Home) မြို့နယ်များအဖြစ်မှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်ပါသည်။
- (၃-၁၀-၂၀၂၁) ရက်နေ့တွင် ဓာတ်ခွဲအတည်ပြုလူနာ (၁,၁၉၄)ဦး နှင့် (၂-၁၀-၂၀၂၁) ရက်နေ့တွင် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်း (၆.၇)ရာခိုင်နှုန်းတို့ဖြင့် အနည်းဆုံးတွေ့ရှိခဲ့သည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့နည်းလာစေရေးအတွက် ပြည်သူများအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ယခုထက်ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၅-၁၀ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၆၈၃၇၃၂ | ၃၄၁၅၄၇၇၇ | ၇၂၂၇၈ |
| ၂။ | အိန္ဒိယ | ၃၃၈၅၃၀၄၈ | ၃၃၁၅၀၈၈၆ | ၄၄၉၂၈၃ |
| ၃။ | ဘရာဇီး | ၂၁၄၇၈၅၄၆ | ၂၀၄၆၂၃၄၅ | ၅၉၈၁၈၅ |
| ၄။ | ဗြိတိန် | ၇၉၃၄၉၃၆ | ၆၄၅၃၁၃၂ | ၁၃၆၉၈၆ |
| ၅။ | ရုရှား | ၇၆၃၇၄၂၇ | ၆၇၅၉၀၅၉ | ၂၁၁၆၉၆ |
| ၆။ | တူရကီ | ၇၂၆၇၀၇၇ | ၆၇၁၉၁၃၉၈ | ၆၄၉၀၉ |
| ၇။ | ပြင်သစ် | ၇၀၂၈၁၉၇ | ၆၈၀၀၆၁၂ | ၁၁၆၈၄၈ |
| ၈။ | အီရန် | ၅၆၅၁၉၆၁ | ၅၁၃၅၈၈၇ | ၁၂၁၅၆၃ |
| ၉။ | အာဂျင်တီးနား | ၅၂၆၀၇၁၉ | ၅၁၂၄၉၃၀ | ၁၁၅၂၈၃ |
| ၁၀။ | စပိန် | ၄၉၆၅၃၉၉ | ၄၇၈၄၉၁၇ | ၈၆၅၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၅- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၁၆၁၀ | ၄၀၄၉၄၄၉ | ၁၄၂၃၃၈ |
| ဖိလစ်ပိုင် | ၂၆၁၃၀၇၀ | ၂၄၇၁၁၆၅ | ၃၈၈၂၈ |
| မလေးရှား | ၂၂၈၅၆၄၀ | ၂၁၁၆၀၂၁ | ၂၆၇၅၉ |
| ထိုင်း | ၁၆၅၇၂၃၁ | ၁၅၃၁၆၅၅ | ၁၇၂၀၃ |
| ဗီယက်နမ် | ၈၁၈၃၂၄ | ၇၄၇၀၅၃ | ၁၉၉၇၉ |
| မြန်မာ | ၄၇၁၃၀၈ | ၄၂၅၄၄၇ | ၁၇၉၅၇ |
| ကမ္ဘောဒီးယား | ၁၁၃၇၀၃ | ၁၀၅၃၅၀ | ၂၄၁၈ |
| စင်ကာပူ | ၁၀၆၃၁၈ | ၈၄၄၆၆ | ၁၂၁ |
| လာအို | ၂၅၉၈၇ | ၁၉၃၉၉ | ၂၂ |
| ဘရူနိုင်း | ၈၀၄၄ | ၅၆၃၄ | ၆၀ |

# မိမိတို့ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးကို အလေးနက်ထားပြီးတော့ ကျေးဇူးဆပ်ကြပါ။ တတ်နိုင်သလောက် ကျေးဇူးကို ဆပ်နိုင်သမျှ ဆပ်ပေးကြပါ


ဆရာကြီး ဦးပိုမြင့်

## တွေ့ဆုံမေးမြန်း-ထိပ်ထားနိုင်

ဆရာများသည် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာနှင့် ပြည့်စုံပြီး နိုင်ငံ့ဝန်ထမ်း အမိန့်ဒြာန် ၆ ချက်၊ ဆရာများ သစ္စာအဓိဋ္ဌာန် ၆ ချက်၊ ဆရာမြတ်အင်္ဂါ ၈ ပါး၊ မြတ်ဆရာခံယူချက် ၅ ချက်၊ ဆရာဂုဏ်အင်္ဂါ ၂၅ ပါး၊ ဆရာ့ကျင့်ဝတ် ၅ ပါး၊ စေတနာ၊ ဝါသနာ၊ အကြင်နာ၊ သနား၊ ကရုဏာ၊ အနစ်နာ၊ စံနမူနာဆိုသည့် နာ(၇)နာဖြင့် ပြည့်စုံကြသည်။ ယင်းကဲ့သို့ ဂုဏ်ကျေးဇူးကြီးမားသည့် ဆရာ၊ ဆရာမများကို ဂုဏ်ပြုသည့် အနေဖြင့် အငြိမ်းစားပင်စင်ယူထားသည့် ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးများ၏ ဘဝအတွေ့အကြုံများ၊ ယခုခေတ်နှင့် ယခင်ခေတ် ဆရာနှင့် တပည့် ဆက်ဆံရေးပြောင်းလဲလာမှုအပေါ် အမြင်များ၊ ကမ္ဘာ့ဆရာများနေ့နှင့် ပတ်သက်ပြီး ဆရာကြီး၊ ဆရာမကြီးများ၏ ပီတိစကားသံများကို ယခုလို တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ပါသည်။


ဆရာကြီး ဦးပိုမြင့်


ဆရာမကြီး ဒေါ်အေးရွှေ


ဆရာကြီး ဦးထွန်း


ဆရာမကြီး ဒေါ်ခင်ထွေး

**နိုင်ငံခြားဘာသာ တက္ကသိုလ် (မန္တလေး)**
**ပါမောက္ခချုပ် ( ငြိမ်း ) ဆရာကြီး ဦးပိုမြင့်**

**မေး ။ ။ ယခုခေတ် ဆရာတပည့် ဆက်ဆံရေးနဲ့ အရင်ခေတ်ဆရာတပည့်ဆက်ဆံရေးတွေအပေါ် ဆရာ့အမြင်လေးပြောပေးပါရှင့် ။**

ဖြေ ။ ။ အရင်ခေတ်ကတော့ လူဦးရေကလည်း နည်းတယ်ဆိုတော့ ဆရာနဲ့ တပည့် ဆက်ဆံရေးမှာ လူနည်းတဲ့အတွက် ရင်းနှီးကြတယ်။ ကျွန်တော်တို့ ဆရာဖြစ်တဲ့ ခေတ်ကျတော့လည်း တပည့်က အလွန်မများသေးတော့ တပည့်တွေနဲ့ ရင်းနှီးမှုက အဆင်ပြေခဲ့ပါတယ်။ အခုနောက်ပိုင်း ခေတ်တွေကျတော့ ကျောင်းသူ ကျောင်းသား အရေအတွက်ကလည်း များလာတယ်။ ဆရာ၊ ဆရာမ အရေအတွက်ကလည်း များလာတယ်။ ပညာရေး အနေအထားအနေနဲ့ကလည်း ပညာရပ်အနေနဲ့က အမှတ်များများရမှ လိုင်းကောင်းဝင်မယ်ဆိုတဲ့ အနေအထားလေးတွေ ရှိလာတဲ့အခါကျ ရိုးရိုးဆရာတွေ သင်တာ အားမရလို့ ပြင်ပကနေ သင်တန်းလေးတွေ သင်ကြတယ်ဆိုတော့ ဆရာနဲ့တပည့် အတန်းထဲမှာ သင်တဲ့ ရင်းနှီးမှုလေး အားနည်းလာတဲ့ သဘောပေါ့။ သို့သော်လည်း အပြင်က သင်တဲ့ဆရာကလည်း ဆရာပဲ ဖြစ်တဲ့အတွက်ကြောင့် သူတို့ကို အကျိုးရှိအောင် သင်ပေးတဲ့ ဆရာဆိုရင်တော့ တကယ် ကြည်ညိုလေးစားပြီးတော့ လိုက်နာကြတဲ့ အနေအထားဖြစ်ပါတယ်။ များသောအားဖြင့် ရှေးတုန်းက ဆရာတပည့်ဆက်ဆံရေးက သိပ်ကိုကောင်းတယ်။ ရင်းနှီးတယ်၊ လေးစားတယ်လို့ ထင်ကြပြီး အခုနောက်ပိုင်းကျတော့ ဆရာတွေကို သိပ်ပြီး အသိအမှတ်မပြုဘူးဆိုပြီး ပြောနေကြတဲ့အပိုင်းကတော့ ခေတ်အပေါ်မှာပဲ ကျွန်တော်မြင်ပါတယ်။

**မေး ။ ။ ဆရာ့အနေနဲ့ လူငယ်လေးတွေကို ဘာများ အမှာစကားပါးချင်ပါသလဲရှင့်။**

ဖြေ ။ ။ ကျောင်းသူ ကျောင်းသားများအနေနဲ့လည်း ကိုယ်တိုင်က အခုတပည့်အနေနဲ့ ပညာသင်ကြားနေတယ်။ တစ်ချိန်မှာ ဘယ်လိုအလုပ်ပဲလုပ်လုပ် ဆရာတွေ ဖြစ်ကိုဖြစ်လာမှာ လူတိုင်းက တကယ်ကျ ကိုယ့်လောက်မသိတဲ့သူကို သင်ကြားလိုက်ရင် ကိုယ်ကဆရာပဲ။ လူတိုင်းက တပည့်ဖြစ်သလို လူတိုင်းက ဆရာဖြစ်နိုင်တယ်။ အဲဒီတော့ ဆရာဆိုတဲ့ လူတန်းစားက သီးခြားအနေနဲ့ ရှိနေတာ မဟုတ်ဘူး။ ပညာတစ်ရပ်ရပ်ကို သင်ပေးနေရင် အဲဒါက ဆရာပဲ။ ဆရာ့မှာလည်း ဆရာ့ရဲ့ ဂုဏ်ဆိုတာ ရှိပါတယ်။ အဲဒီတော့ ဆရာတွေရဲ့ ဂုဏ်တွေကို ပြန်ကြည့်လိုက်ရင် မကောင်းမြစ်တားဆိုတာ ဆရာတွေက ကိုယ့်တပည့်တွေကို မကောင်းတာမှန်သမျှကို တားမြစ်တယ်။ ကောင်းရာညွှန်လတ်ဆိုတော့ ကောင်းတာကိုလည်း ညွှန်ကြားပေးကြတာပါ။ အတတ်သင်စေဆိုတော့ အဲဒါက ဆရာတွေ သင်ကြားပေးကြရတာပါ။ ပေးဝေနှီးရင်းဆိုတော့ ဆရာတွေက ဝင်ငွေအနေနဲ့ပေးမှ အရင်းနှီးပေးတာ မဟုတ်ဘူး။ လုပ်ငန်းတစ်ခုလုပ်နိုင်အောင် သင်ကြားပေးတဲ့ ပညာကလည်း သူ့ရဲ့ ဘဝရဲ့ အကြီးမားဆုံးအရင်းနှီးဆိုတော့ ပေးဝေနှီးရင်းပေါ့။ တချို့ကပြောမှာပေါ့။ ဆရာတွေက ထိမ်းမြားခြင်းမပါဘူးဆိုတော့ ဆရာ၊ ဆရာမတွေ အောင်သွယ်ပေးလိုက်လို့ လက်ထပ်ထိမ်းမြားသွားတဲ့ တပည့်တွေလည်း အများကြီးပဲ။ ဒါတင်မကဘူး။ တပည့်တွေ တစ်ယောက်နဲ့ တစ်ယောက် လက်ထပ်ကြပြီဆိုရင် ဆရာတွေက မပါမဖြစ် သူတို့ဝိုင်းပြီး စေ့စပ်ပေးကြတယ်ဆိုတဲ့ အပိုင်းပါလိုက်တော့ ဆရာတွေကလည်း မိဘတွေရဲ့ ဂုဏ်ရှိနေတဲ့အတွက်ကြောင့် ဆရာဟာလည်း မိဘနဲ့ တစ်ဂိုဏ်းတည်းထားတယ်။

ဆရာ ဆရာမတွေရဲ့ ကျေးဇူးကို သိတတ်တာတွေက ကျွန်တော်တို့ကို ပြန်ပြီးအကျိုးပေးတယ်။ ကျွန်တော်တို့ မိဘဆွေမျိုးဘိုးဘွားက မချမ်းသာခဲ့ပေမယ့် ကျွန်တော်တို့ အခုနေရထိုင်ရတာက ကျွန်တော်တို့ ဒီခေတ်ကာလမှာ သူများတွေအနေနဲ့ ရှားပါးတယ်ဆိုပေမယ့် ကျွန်တော်တို့အနေနဲ့က ချမ်းသာတာမဟုတ်ပေမယ့် မရှားပါဘူး။ သဘောကတော့ ကျွန်တော်တို့ ဆရာတွေအပေါ်မှာ သိတတ်တဲ့အတွက် အကျိုးပေးတယ်လို့ ယုံကြည်ပါတယ်။ အဲဒီလို ယုံကြည်ချက်က သိပ်ကိုအရေးကြီးပါတယ်။ မိမိတို့ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးကို အလေးနက်ထားပြီးတော့ ကျေးဇူးဆပ်ကြပါ။ မြတ်စွာဘုရား ဟောကြားတဲ့အထဲမှာ ကျေးဇူးသိတာကိုက မင်္ဂလာ သိတယ်ဆိုရင် သိပြီးတတ်နိုင်သလောက် ကျေးဇူးကိုဆပ်တာက မင်္ဂလာရှိတဲ့အတွက် မင်္ဂလာရှိတဲ့လုပ်ငန်းကို ဆပ်နိုင်သမျှ ဆပ်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ မှာကြားလိုပါတယ်။

**မန္တလေးပညာရေးကောလိပ်**
**ဒုတိယကျောင်းအုပ်(ငြိမ်း) ဆရာမကြီး ဒေါ်အေးရွှေ**

**မေး ။ ။ ဆရာမရဲ့ ဘဝအတွေ့အကြုံလေး ပြောပေးပါဦးရှင့်။**

ဖြေ ။ ။ ဆရာမအနေနဲ့ကတော့ ၁၉၆၄ ခုနှစ်က စ၍ အထက်တန်းပြအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး အနှစ် ၄၀ ကြာ ပညာရေးဌာနမှာ ကထိကအထက်တန်းကျောင်းအုပ်၊ ဆရာအတတ်သင် ကျောင်းအုပ်၊ အဲဒီကနေ ပညာရေးကောလိပ်မှာ ဒုတိယကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ တပည့်ပေါင်းများစွာကို ပြုစုပျိုးထောင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ကမ္ဘာ့ဆရာများနေ့မှာ ပညာရေးဝန်ကြီးဌာနရဲ့ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခြင်းကိုလည်း ခံခဲ့ရပါတယ်။

**မေး ။ ။ ကမ္ဘာ့ဆရာများနေ့နဲ့ ပတ်သက်ပြီး အမှတ်တရစကားလေး ပြောပေးပါဦးရှင့်။**

ဖြေ ။ ။ ကမ္ဘာ့ဆရာတွေထဲမှာပါတဲ့ မြန်မာ့ဆရာတွေကို ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားပြီး မြန်မာ့လူဘောင်အဖွဲ့အစည်းက သတ်မှတ်တန်ဖိုးထားခံရခြင်းက ကမ္ဘာ့ဆရာတွေနဲ့မတူတဲ့ မြန်မာ့ဆရာတွေရဲ့ ထူးခြားတဲ့ ဝိသေသ လက္ခဏာတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း သူ့နည်းသူ့ဟန်နဲ့ ဆရာ၊ ဆရာမတွေကို အလေးထားကာ နေရာတွေ သတ်မှတ်ပေးတာတွေ တွေ့ရပေမယ့် ဘယ်နိုင်ငံကမှ မြန်မာနိုင်ငံကို မမီနိုင်ဘူးလို့ ပြောနိုင်ပါတယ်လို့ အခြေခံပညာညွှန်ကြားရေးမှူးချုပ် အငြိမ်းစား ဆရာကြီး ဒေါက်တာ ဦးသန်းဦးက ပြောကြားဖူးခဲ့တာကို မှတ်သားခဲ့ဖူးပါတယ်။ ဆရာ၊ ဆရာမတွေဆိုတာ မိမိတတ်ကျွမ်းတဲ့ပညာနဲ့ လောကကို အလှဆင်ပေးနေသူ၊ ဆရာ၊ ဆရာမတွေရဲ့ မေတ္တာ၊ စေတနာတွေ၊ အကြင်နာတွေက တပည့်တွေရဲ့ သောကတွေကို ပြေပျောက်စေသူတွေ တပည့်တွေကို လူ့လောကအလယ်မှာ တင့်တယ်ထည်ဝါစွာ တိုးတက်အောင်မြင်၊ ကြီးပွားအောင် လေ့ကျင့်ပျိုးထောင်ပေးနေသူ၊ လူသားအရင်းမြစ်ဖြစ်တဲ့ မျိုးဆက်သစ်လူငယ်များကို လူသားစွမ်းရည် မြင့်မားအောင် ကြိုးပမ်းအားထုတ်နေသူများဖြစ်လို့ ဂုဏ်ပြုထိုက်သူတွေ ဖြစ်ပါတယ်။ အဲဒီလို ဂုဏ်ကျေးဇူးကြီးမားတဲ့ ဆရာတွေကို ဂုဏ်ပြုပေးတဲ့နေ့ကို ကျင်းပပေးလို့ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

**အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီး (ငြိမ်း)**
**ဆရာကြီး ဦးထွန်း**
**မန္တလေး**

**မေး ။ ။ ကမ္ဘာ့ဆရာများနေ့ ကျင်းပကြတဲ့အပေါ် ဆရာ့ရဲ့ ပီတိစကားသံလေး ပြောပေးပါဦးရှင့်။**

ဖြေ ။ ။ ကမ္ဘာ့ဆရာများနေ့က ကျွန်တော်တို့ ဆရာ၊ ဆရာမတွေကို အသိအမှတ်ပြုတဲ့ နေ့တစ်နေ့ဖြစ်တဲ့အတွက် အထူးလည်း ပိုပြီးဝမ်းသာပါတယ်။ ဆရာ၊ ဆရာမတွေဆိုတော့ တပည့်လေးတွေက ကိုယ့်ကိုယ်မမေ့ဘဲ သတိတရ ဂါရဝပြုကြတော့ ဝမ်းသာတာပေါ့ဗျာ ။

**မေး ။ ။ ယခုခေတ် ဆရာတပည့် ဆက်ဆံရေးနဲ့ အရင်ခေတ် ဆရာတပည့် ဆက်ဆံရေးတွေအပေါ် ဆရာ့အမြင်လေးပြောပေးပါရှင့်။**

ဖြေ ။ ။ ကျွန်တော်တို့ ကျောင်းသားဘဝ လွန်ခဲ့တဲ့ နှစ်တွေတုန်းကဆိုရင် ကိုယ့်ရဲ့ဆရာ၊ ဆရာမများနဲ့ မိဘများရဲ့ သွန်သင်ဆုံးမမှုကို လိုက်နာကျင့်သုံးပြီး တိုးတက်အောင် ဆောင်ရွက်ခဲ့တာများပါတယ်။ ကျွန်တော်တို့ ငယ်စဉ်ဘဝတုန်းက ဆရာ၊ ဆရာမများရဲ့ သွန်သင်ဆုံးမမှုနဲ့ သင်ကြားမှုကို အပြည့်အဝလိုက်နာကျင့်သုံးပြီး အခုလိုဘဝမျိုးဖြစ်လာတာ ဖြစ်ပါတယ်။ အခုခေတ်မှာတော့ အဲဒီလို မဟုတ်တော့တဲ့အတွက် နည်းနည်းလျော့ရဲလာတဲ့ အပိုင်းကို တွေ့ရပါတယ်။ အရင်တုန်းက ဆရာနဲ့ ကျောင်းသား အချိုးက တကယ့်ကို လိုက်ဖက်ညီပါတယ်။ ကျောင်းသားအင်အားလည်း နည်းတယ်။ ဆရာ ဆရာမလည်းရှိတယ်။ သို့သော် ခုခေတ်အနေအထားက တပည့်အင်အားကလည်း များလာတယ်။ ဆရာ ဆရာမ အင်အားကလည်း များလာတဲ့အတွက် အနည်းနဲ့အများ အမှားယွင်းတွေ ရှိလာတဲ့အတွက် ဂါရဝတရားနည်းလာတာကို တွေ့ရပါတယ်။

**မေး ။ ။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် ပညာရေးရဲ့ အခန်းကဏ္ဍက ဘယ်လောက် အရေးပါတယ်လို့ ထင်မိပါသလဲရှင့်။**

ဖြေ ။ ။ ပညာရေးကတော့နိုင်ငံတကာမှာတကယ့် ဦးစားပေးအဆင့်တစ်ပေးရတဲ့ ဌာနချည်းပါဘဲ၊ ပညာမတတ်ရင် သူ၏ ဝန်ထမ်းဖြစ်မှာပဲ ပညာတတ်ခဲ့လို့ရှိရင် တကယ့်ကို ကောင်းမွန်တဲ့ နေရာဌာနတွေ ရရှိမှာဖြစ်ပါတယ်။ သို့သော် ပညာနဲ့ သင်ညာနဲ့ ခွဲခြားစိတ်ဖြာပြီး သေသေချာချာ နားလည်သဘောပေါက်ပြီး မိမိရဲ့ဘဝတိုးတက်မှုနဲ့ နိုင်ငံရဲ့ တိုးတက်မှုကို သေသေချာချာ ဆောင်ရွက်နိုင်ခဲ့လို့ရှိရင် တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ ပြီးတော့ ရှေးခေတ်နဲ့ မတူတာကတော့ အခုခေတ်က အီလက်ထရွန်းနစ်ခေတ်ဖြစ်တဲ့အတွက် နည်းပညာတွေ သိပ်ပြီးတိုးတက်လာတယ်။ သို့သော် ဖြစ်ပေါ်လာတဲ့ အီလက်ထရွန်းနစ်ပညာရပ်ကို မှန်မှန်ကန်ကန် သပ်သပ်ရပ်ရပ် ကိုယ့်အတွက်အကျိုးရှိမယ့် နေရာမှာ အသုံးချမှုနည်းပြီးတော့ မဟုတ်တဲ့လုပ်ငန်းတွေ၊ ပညာရပ်တွေကို တကယ့်အတွေးအခေါ်ပိုင်းဆိုင်ရာက အဆင့်မြင့်တယ်လို့ ယူဆပြီး ဆောင်ရွက်နေတဲ့အတွက် သင်ကြားရေးရော သင်ယူမှုပါ လျော့နည်းလာတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့က နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာတာကို ဝမ်းသာတယ်။ သို့သော် တိုးတက်လာတဲ့ နည်းပညာကို မှန်မှန်ကန်ကန် မဆောင်ရွက်နိုင်တဲ့အတွက် ဝမ်းနည်းမိပါတယ်လို့ပဲ ပြောချင်ပါတယ်။

စာမျက်နှာ ၁၇ သို့

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၅**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် (၅၅) နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများစသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။

ယနေ့တွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နှင့် ကျောက်မဲမြို့တို့၌ ၁၁၉၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့နှင့် မိုင်းပျဉ်းမြို့တို့၌ ၂၁၄၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၁၂၄၅၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ၆၅၀၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ ၇၇၀၉ ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီ ၈၆၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၈၆၄၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ၂၅၀၀ (ဝဲပုံ)နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်အတွင်း၌ ၂၉၃၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၅**

တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

**အခြေခံပညာအထက်တန်း ကျောင်းအုပ်(ငြိမ်း)**

**ဆရာမကြီး ဒေါ်ခင်ထွေး**

**မန္တလေး**

**မေး ။ ။ ကမ္ဘာ့ဆရာများနေ့ ကျင်းပကြတဲ့အပေါ် ဆရာမရဲ့ ပီတိစကားသံလေး ပြောပေးပါဦးရှင့်။**

**ဖြေ ။ ။** ဆရာ ဆရာမတွေရဲ့ ဂုဏ်ကျေးဇူးကို သိတတ်ပြီး ကမ္ဘာ့ဆရာများနေ့ ကျင်းပပေးတာ ပီတိဖြစ်တာပေါ့။ အဲဒီလိုနေ့ ကျင်းပပေးတာ မပြောနဲ့ တပည့်တွေကနေ ဆရာ ဆရာမကို “မင်္ဂလာပါ ဆရာမ၊ နေကောင်းရဲ့လား” လို့ မေးလိုက်ရင် နှုတ်ဆက်ရင်ကို ဆရာ ဆရာမက ပီတိဖြစ်တာပါ။ “တပည့်မရှား တစ်ပြားမရှိ”ဆိုတာ ဆရာ ဆရာမတွေရဲ့ ပီတိပေါ့။ တိုင်းပြည်တာဝန်ထမ်းဆောင်နေပြီး တကယ့်ကို အထက်တန်းရောက်သွားတဲ့ တပည့်မျိုးတွေ တွေ့ရင် ပိုပြီးပီတိဖြစ်ရပါတယ်။ သူတို့က အသိအမှတ်လည်း ပြုကြပါတယ်။ အဲဒီလိုဆိုရင်ကို ဒါက ငါ့ရဲ့တပည့် ဘယ်ဌာနမှာ ရောက်နေတာလေ ဘယ်သူလေ ဆိုပြီးတော့ ဂုဏ်ယူဝမ်းမြောက်တာတွေ ဖြစ်ရပါတယ်။ တိုးတက်တဲ့ကလေး၊ လိမ္မာတဲ့ ကလေးကိုတွေ့ရင် ပိုပြီးတော့ ပီတိဖြစ်ရပါတယ်။ တကယ်တမ်းကျ ကမ္ဘာ့ဆရာများနေ့ဆိုတာ မရှိခင်ကတည်းက၊ မြန်မာနိုင်ငံမှာ ကမ္ဘာ့ဆရာများနေ့ မလုပ်ခင်ကတည်းက မြန်မာနိုင်ငံမှာ ဆရာကန်တော့ပွဲတွေ လုပ်ခဲ့ကြတယ်။ နည်းမျိုးစုံနဲ့ ကန်တော့ကြတယ်။ တန်ခူးလမို့ ကန်တော့ကြတာနဲ့၊ အခါကြီးရက်ကြီးမို့ ကန်တော့ရတာနဲ့၊ နောက်နည်းမျိုးစုံနဲ့ ကန်တော့ကြတယ်။ ဆရာ ဆရာမတွေကို နည်းမျိုးစုံနဲ့ ကူညီစောင့်ရှောက်ကြပါတယ်။ ဆရာ ဆရာမတွေကလည်း ကလေးတွေကို သူတို့ကို ထောက်ပံ့သည်ဖြစ်စေ၊ မကူညီသည်ဖြစ်စေ၊ မကန်တော့သည်ဖြစ်စေ ကိုယ့်ရဲ့ တပည့်လေးတွေ ကောင်းစားနေတယ်။ ကိုယ့်အပေါ်ကို သိတတ်နေတယ်။ ကိုယ့်ကို အသိအမှတ်ပြုတယ်ဆိုရင်ကို ကျွန်မတို့ ဆရာမတွေက ဝမ်းသာနေရတာပါ။

**မေး ။ ။ ဆရာမအဖြစ် လုပ်ခဲ့တဲ့ အတွေ့အကြုံများနဲ့ ပတ်သက်ပြီး ပြောပေးပါရှင့်။**

**ဖြေ ။ ။** ငယ်ငယ်ကတည်းက ကျွန်မက ဆရာမဖြစ်ချင်တာ ဘာလို့လဲဆိုတော့ ကျွန်မတို့ခေတ်တုန်းက ဆရာ ဆရာမက ကိုးကွယ်ရာပဲ။ ဆရာ ဆရာမကို အားကိုးကြတယ်။ အဲဒီလိုဖြစ်ချင်ခဲ့ပြီး ဆရာမဖြစ်လာတဲ့အခါကျလည်း ဘာမှနောင်တရစရာ မရှိပါဘူး။ ကလေးမျိုးစုံနဲ့ တွေ့တော့ တွေ့ရတာပေါ့။ နည်းနည်းဆိုးတဲ့ကလေး၊ လိမ္မာတဲ့ကလေး၊ စာတော်တဲ့ကလေး၊ စာညံ့တဲ့ကလေး လူမျိုးစုံနဲ့ တွေ့ရပေမယ့် ဆရာ ဆရာမဆိုတာ မိဘလိုပဲ ဆိုးတော့ဆိုးတဲ့ ကလေးမို့ ချစ်ရတယ်။ လိမ္မာတော့လည်း လိမ္မာတဲ့အလျောက် ချစ်ရတာပဲ၊ အဲဒီတော့ ဒီကလေးတွေအပေါ်ကို ကျွန်မက စိတ်မကွက်ခဲ့သလို ဆရာ ဆရာမတွေအပေါ်လည်း စိတ်မကွက်ခဲ့ပါဘူး။ ကျောင်းသားဘဝတုန်းက ကိုယ်မကြိုက်တာ ရှိခဲ့ရင်တောင် ကိုယ်ဆရာမဖြစ်တဲ့အခါ အဲဒီလိုမဖြစ်စေရဘူးဆိုတာမျိုးကို စိတ်ထဲမှာပိုက်ပြီး ပြုပြင်ခဲ့ပါတယ်။ ဝမ်းမြောက်ပီတိဖြစ်တာတွေပဲ ရှိခဲ့ပါတယ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၅**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန်ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနဝ္ဂနွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အတွင်းရှိကျောင်းတိုက်အသီးသီးမှ သံဃာတော်များနှင့် သာသနဝ္ဂနွယ်ဝင် သီလရှင်များအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင် အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆွမ်းဆန်တော် ၄၄၅၃ အိတ်၊ ဆီ၊ ဆား၊ ပဲ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို မော်လမြိုင်မြို့ သာသနာ့ဗိမ္မာန်တော်ကြီး၌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း **(အပေါ်ပုံ)**၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက အသီးသီးဆက်ကပ်လှူဒါန်းကြသည်။



အလားတူ အောက်တိုဘာ ၄ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လ ပရိယတ္တိစာသင်တိုက်၊ ဓမ္မသုခ တောရကျောင်းတိုက်၊ မိုင်းဖြတ်မြို့ရှိ ထေရဝါဒဗုဒ္ဓ သာသနာပြု (ဗဟို)ကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အနော်ရထာရပ်ကွက်ရှိ ဇမ္ဗူအေးကျောင်းတိုက်၊ ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ရှိ သုဇနကာရီပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၊ မိုးကုတ်မြို့ရှိ ညောင်သုံးပင် ပရိယတ္တိသာမဏေကျော် စာသင်တိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ စလင်းတိုက်ဟောင်း ဓမ္မဂုဏ်ရည် ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လ ပရိယတ္တိစာသင်တိုက်နှင့် ဓမ္မသုခတောရကျောင်းတိုက်တို့မှ သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှလွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ နှစ်ခုမှ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင်(အရည်)Storage Container နှစ်ခု၊ Oxygen (အရည်) Distributor သုံးခု၊ Oxygen အိုးခွံ ၄၉၀ ၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၀၄ ခု၊ Test Kit ၁၀၀၀၀၊ လက်အိတ် ၁၆ တန်နှင့် နှာခေါင်းစည်း(Mask) ၁၆ တန် တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**



## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ယင်းသို့ထုတ်ပေးရာတွင် အောက်တိုဘာ ၅ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ နှစ်ခုမှ Covaxin 5ml Injection အခု ၂၀၀၊ Covid Test Kit အခု ၁၀၀၀၀။

ရန်ကုန်ဆိပ်ကမ်းများမှ Medical Device အခု ၂၀၆၈၀၊ Oxygen Concentrator ၁၀၄ ခု၊ Oxygen Cylinder အခု ၄၉၀၊ Mask ၈၁၇ Kg၊ Flow Meter ၅၃၄ ခု၊ Mask ၄၀၀၀ နှင့် ဆေးဝါးမျိုးစုံ ၅၃ မျိုး ၁၇၇၅၃၂ ဒသမ ၇၇ Kg ။

နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ခုနစ်ခုတို့မှ Mask ၄၉၂၀၀ Kg၊ Oxygen Concentrator ခုနစ်ခု၊ Flow Meter/ Regulator ၂၄ ခု၊ PPE အခု ၃၀၀၀၊ Dead Body Bag ၉၀၀ Kg ၊ Disposable Cap ၃၇၅ Kg၊ Face Shield ၁၁၆၆ Kg၊ Distributer သုံးခု၊ Gloves ၁၅၈၂၆ Kg၊ Storage Container နှစ်ခု၊ Double Blood Bag အခု ၁၀၀၀၊ Bactrial & Vira Filter ၁၀၀၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၅

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅- ၁၀ - ၂၀၂၁

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၈၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၅၂၀/၁၅၅၀ ကျပ် | ၁၅၇၀/၁၆၃၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၅၂၅/၁၅၆၀ ကျပ် | ၁၅၈၅/၁၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၅၂၅/၁၅၅၅ ကျပ် | ၁၆၀၅/၁၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၅၄၅/၁၅၉၅ ကျပ် | ၁၆၃၀/၁၇၂၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၈၆ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၆၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၈၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၈၇ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၅ . ၂၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၈ . ၁၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၆၇၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၃၅၁၂ | ၃၀၉၀၅၆၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၁၆၁၆ | ၅၀၉၀၄၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၁၉၀၀၀ | ၂၀၅၀၀ | ၃၃ | ၆၆၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၄၀ | ၃၈၅၀၀၀ |
| EFR | ၂၉၀၀ | ၂၉၅၀ | ၁၈၆ | ၅၄၀၄၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၅ | ၂၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၀-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

၀၆:၀၀ ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မောဂ္ဂလ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ကိုဗစ်နှင့်ရေအာဟာရ
၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ကိုယ်စီအသိစိတ်'
၁၁:၃၅ ရွှေပွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၄၅ ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး 'ဆေးဖက်ဝင်ယာကွန်'
၁၃:၁၀ MRTV National News
၁၃:၃၅ 'အဒူလီအငြိမ့်'
၁၆:၃၅ အသိပညာနှင့်အမှန်တရား 'စွဲနှင့်စည်းကမ်း'
၁၇:၀၅ ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့ပန်းချီပြခန်း' (အပိုင်း-၁)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၄၀ မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ (သုတစုံပြမောင်းမယ်ဆုရ) (ပွဲစဉ်-၃)
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပတ္တမြားသောပတ္တမြားများ' (အပိုင်း-၁၀)

### mitv

07:01 News
07:27 Unique Pattern Of Myanma Ethnic Group: A Trend Of Chin Traditional Dress
08:01 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
08:26 Mt. Naw Bu Baw
08:36 Myanmar Masterclass: Artist Than Kywe
08:48 Well-trained Elephants
09:01 Myanmar Traditional Identity (EP-2) Myanar Chinthe (Myanmar Lion)
09:15 The Caves
09:32 Diary of a Fisherman
09:45 Myanma Agarwood
10:01 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၁)
**ဝကေကာရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၂)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေအမြုတေ
**ချင်း (လိုင်းဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၁)
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၂)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၂)
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၃)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၄)
**ပ (၁၉:၀၀ မှ ၂၁:၀၀)**
ပညာရပ်များဆည်းပူးလေ့လာ MRTV ကျောင်းတော်မဟာ(အပိုင်း-၅)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
တွဲလက်ညီညီသစ္စာတည်(အပိုင်း-၁)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၈)
၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း


MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ (၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ပဋိညာဉ်ချိုးဖောက်ခြင်းနှင့် စရန်ငွေပြန်လည်ပေးအပ်ခြင်းဆိုင်ရာ အငြင်းပွားမှုများ

ဦးကျော်ကျော် (တရားရေး)

ပဋိညာဉ်ပြုနိုင်သူတို့က ဥပဒေနှင့်ညီညွတ်သော အဖိုးစားနားနှင့် ရည်ရွယ်ချက်အရ မိမိတို့အလို အလျောက်ပြုလုပ်ကြသည့် သဘောတူညီချက်များသည် ပဋိညာဉ်အက်ဥပဒေအရပျက်ပြယ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပဋိညာဉ်ဖြစ်သည်။ **(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၁၀)**

ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်သော သဘောတူညီချက်၊ တရားဝင်ပဋိညာဉ်နှင့် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်ဟူ၍ သုံးမျိုးရှိသည်။

တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမပြုနိုင်သော သဘောတူညီချက်သည် ပျက်ပြယ်သော သဘောတူညီချက်ဖြစ်သည်။ **(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဆ))**

တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် သဘောတူညီချက်သည် တရားဝင်ပဋိညာဉ်ဖြစ်သည်။ **(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဇ))**

သဘောတူညီချက်တွင် ပါဝင်သူတို့အနက် တစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ အလိုရှိလျှင်ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိသော်လည်း ကျန်သူများက ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းမပြုလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်ဖြစ်သည်။ **(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဈ))**

### တရားဥပဒေနှင့် ညီညွတ်သော ပဋိညာဉ်

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃ တွင် သဘောတူညီချက်၏ရည်ရွယ်ချက်သည် (၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊ (၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့် အချက်၊ (၃) လိမ်လည် လှည့်ဖြားရာရောက်သည့် အချက်၊ (၄) သူတစ်ပါး၏ (သို့မဟုတ်)ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်၊ (၅) ကျင့်ဝတ်တရားပျက်ပြားသည် သို့မဟုတ် အများပြည်သူဆိုင်ရာဝါဒနှင့် ဆန့်ကျင်သည်ဟု တရားရုံးကထင်မြင်သည့် အချက် စသည့် ရည်ရွယ်ချက်တစ်ရပ်ရပ်မရှိလျှင် တရားဥပဒေနှင့် ညီညွတ်သော ပဋိညာဉ်ဖြစ်သည်ဟု **ဒေါ်စပ်ချစ်ဦး (ကွယ်လွန်သူဒေါ်စပ်လိပ်လုံ၏ တရားဝင်ကိုယ်စားလှယ်) ပါ ၉ နှင့် ဦးစိုင်းရီ အမှု၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၂၆၀** တွင် ထုံးဖွဲ့ထားသည်။

ရောင်းသူနှင့်ဝယ်သူတို့သည် အရောင်းအဝယ်ပဋိညာဉ်ပြုလုပ်စဉ်က ရောင်းသူပိုင်သည်ဟု ရောင်းသူရော ဝယ်သူပါ မှားယွင်းယုံကြည်ခဲ့သည့်ကိစ္စတစ်ရပ်ဖြစ်၍ ထိုပဋိညာဉ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ အရ မူလကပင်ပျက်ပြယ်နေသည့် ပဋိညာဉ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ပျက်ပြယ်နေသည့် ပဋိညာဉ်အရ ပေးဆောင်ရန်ကတိပြုထားသည့် အဖိုးစားနားငွေကို ရောင်းသူအနေဖြင့်တောင်းဆိုခြင်း ပြုနိုင်မည် မဟုတ်ပေ။ **(ဒေါ်အုန်းစိန်ပါ ၄ နှင့် ဦးဘတင် အမှု၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၃)**

ချေးငွေကို အိမ်မြေအရောင်းအဝယ်စရန်ပေးငွေအဖြစ် ဖန်တီးထားသောစာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ပါသည်။ စရန်ငွေများကို စာချုပ်ချုပ်သည့်နေ့က အမှန်တကယ်ပေးချေခဲ့ခြင်း မရှိကြောင်း ပေါ်ပေါက်သည်။ ငွေကို အလီလီပေးခဲ့သည့် အထောက်အထားမရှိသဖြင့် စာချုပ်တစ်ခုပြီးတစ်ခုတွင် ချေးငွေအရင်းနှင့် အတိုးပေါ်အတိုးဆင့်၍ တွက်ချက်ဖော်ပြခဲ့သည့် ကြွေးမြီများဟုသာ သုံးသပ်ရမည်ဖြစ်သည်။ အမှုမှာချေးငွေကို အိမ်မြေအရောင်းအဝယ် စရန်ပေးငွေအဖြစ် ဖန်တီးထားသည့် ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆိုသောအမှုဖြစ်ကြောင်းပေါ်ပေါက်သည်။ ဟန်ဆောင်ချုပ်ဆိုထားသောစာချုပ်နှင့် ပတ်သက်၍ စွဲဆိုသောအမှုကို ခိုင်မာသောအခြေခံမရှိသဖြင့် ပလပ်ရန် ဖြစ်သည်။ **ဒေါ်အေးအေးနှင့် ဒေါ်နန်းလီ(ခ) ဒေါ်လီလီလှိုင် အမှု၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၂၇** တွင် ကြည့်ပါ။

### အငြင်းပွားမှုများ ဖြစ်ပွား

တရားဥပဒေနှင့်ညီသော ပဋိညာဉ်သည် တရားဥပဒေနှင့် ညီညွတ်သော တာဝန်ကိုဖြစ်ပေါ်စေသည်။ အဆိုပါ တာဝန်ဝတ္တရားကို ပဋိညာဉ်ပြုသူတို့က ထမ်းဆောင်ရန်တာဝန်ရှိကြပြီး အဆိုပါတာဝန်ကို တစ်ဖက်ဖက်ကဖြစ်စေ၊ နှစ်ဖက်လုံးကဖြစ်စေ ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် အငြင်းပွားမှုများ ဖြစ်ပွားကြကြောင်းတွေ့ရသည်။

> **○ ပဋိညာဉ်တွင် ပါဝင်သူတို့သည် ပဋိညာဉ်တွင် ပါဝင်သော အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ရာတွင် ရောင်းချသူသည် ရောင်းချထားသော အဆောက်အအုံကို ဖျက်သိမ်းခြင်းဖြင့် ပဋိညာဉ်ပါကတိကို စတင်ချိုးဖောက်သည်။ ထိုအခါ ဝယ်ယူသူသည် ကတိအတိုင်း ကျန်ငွေများကိုမပေးအပ်ဘဲ ပဋိညာဉ်ကို ဖျက်သိမ်းနိုင်သည် သို့မဟုတ် ပဋိညာဉ်ကို ဆက်လက်အတည်ပြုနိုင်**

ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract) သည် ပဋိညာဉ်အတိုင်းလိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfill the contract) ဖြစ်သည်။ ငြင်းပယ်ခြင်းဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရပြုလုပ်ရန် တာဝန်ကိုပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းပယ်လိုက်လျှင် နစ်နာသော တစ်ဖက်ပဋိညာဉ်ပြုသူက ယင်းသို့ ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖောက်မှုအတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရ ပြုလုပ်ရမည့် တာဝန်ကိုပြုလုပ်ဆောင်ရွက်ရန် မည်သို့ ငြင်းပယ်ရမည်နည်းဟူမူ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal) သို့မဟုတ် အကြွင်းမဲ့ငြင်းဆိုခြင်း (absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ ပြုမူချက် (conduct) ဖြင့် သိစေလျှင် ပဋိညာဉ်အရ ၎င်းပေါ်ကျရောက်သောတာဝန်ကို ငြင်းပယ်ရာ ရောက်သဖြင့်၊ အခြားတစ်ဖက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့် နစ်နာလျှင် လျော်ကြေးရခွင့် ရှိသည်။ **((၁)ဦးနေဝင်း (၂)ဒေါ်မြလေးနှင့် ဒေါ်ခင်အေး၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၃(၅၈))**

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၃၇ တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ အခြားဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ မဆောင်ရွက်ဘဲနေခွင့်ရှိသည် သို့မဟုတ် ဆောင်ရွက်ခြင်းမှ ခွင့်လွှတ်သည့်ကိစ္စမှ တစ်ပါး ပဋိညာဉ်ပြုလုပ်သူတို့သည် အသီးသီးပြုလုပ်ခဲ့သော ကတိအတိုင်း ဆောင်ရွက်ကြရမည်၊ သို့မဟုတ် ဆောင်ရွက်မည်ဟု ကမ်းလှမ်းရမည်။ ပဋိညာဉ်တွင် အခြားနည်းဆန့်ကျင်ကွဲလွဲသည့် ရည်ရွယ်ချက်မရှိပါက ကတိအတိုင်း မဆောင်ရွက်ရမီ ကတိပြုသူသေဆုံးလျှင် ထိုသူ၏ကိုယ်စားပြုသူတို့အပေါ် ထိုကတိ အတည်ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၂ တွင် အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ရန်အစီအစဉ်ကို ပဋိညာဉ်အရ အတိအလင်း သတ်မှတ်ထားလျှင် ထိုအစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ ထို့ပြင် ပဋိညာဉ်အရ အစီအစဉ်ကို အတိအလင်းသတ်မှတ်ခြင်းမရှိလျှင် အမှုကိစ္စသဘောအရ လိုအပ်သော အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမန်အားဖြင့် အပြန်အလှန် ကတိပြုသူနှစ်ဦးသည် ပဋိညာဉ်တွင်ပါရှိသော အစီအစဉ်အတိုင်း ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်။

### ပဋိညာဉ်တစ်ရပ်လုံးကို ဖျက်သိမ်းနိုင်

ကတိပြုသူသည် ပဋိညာဉ်အရ မိမိဆောင်ရွက်ရန်အပိုင်းကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ကတိရသူသည် ပဋိညာဉ်တစ်ရပ်လုံးကို ဖျက်သိမ်းနိုင်သည်၊ သို့သော် ပဋိညာဉ်ကိုဆက်လက်တည်သည်ဟု သတ်မှတ်လျှင် ကတိပြုသူအား ပဋိညာဉ်အတိုင်း ဆောင်ရွက်ပါဟု တောင်းဆိုပိုင်ခွင့်ရှိနိုင်ရန် မိမိဆောင်ရွက်ရန်ရှိသည်များကို အပြည့်အဝ ဆောင်ရွက်ရမည်ဖြစ်သည်။

ပဋိညာဉ်တွင် ပါဝင်သူတို့သည် ပဋိညာဉ်တွင် ပါဝင်သော အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ သို့ရာတွင် ရောင်းချသူသည် ရောင်းချထားသော အဆောက်အအုံကို ဖျက်သိမ်းခြင်းဖြင့် ပဋိညာဉ်ပါကတိကို စတင်ချိုးဖောက်သည်။ ထိုအခါ ဝယ်ယူသူသည် ကတိအတိုင်း ကျန်ငွေများကိုမပေးအပ်ဘဲ ပဋိညာဉ်ကို ဖျက်သိမ်းနိုင်သည် သို့မဟုတ် ပဋိညာဉ်ကို ဆက်လက်အတည်ပြုနိုင်သည်။ ထိုကဲ့သို့ ပဋိညာဉ်ကိုဆက်လက်အတည်ပြုလိုလျှင် ဝယ်ယူသူသည် ပဋိညာဉ်ပါ ကတိအတိုင်း ကျန်ငွေကို သတ်မှတ်ရက်တွင်ပေးချေရမည် သို့မဟုတ် ဝယ်ယူသူသည် ပဋိညာဉ်ကို ဆက်လက်အတည်မပြုလိုလျှင် ကျန်ငွေများကို မပေးဆပ်ဘဲ ပဋိညာဉ်ကို ဖျက်သိမ်းပိုင်ခွင့်ရှိပေသည်။

ကတိများကို အပြန်အလှန်ဆောင်ရွက်ရန်ဖြစ်ကြလျှင် တစ်ဖက်စီသည် ပဋိညာဉ်အရ မိမိဆောင်ရွက်ရန်ရှိသည့်အတိုင်း ဆောင်ရွက်လိုကဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် မိမိဆောင်ရွက်ရန် သဘောတူညီသောအပိုင်းကို ဆောင်ရွက်ခြင်းမပြုဘဲ အခြားတစ်ဖက်အား ထိုသူက ကတိအတိုင်းဆောင်ရွက်ရန် မတောင်းဆိုနိုင်ချေ။

အရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် စွဲဆိုသောအမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန် အကြောင်းသည် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စွဲဆိုသောအမှု၌ ပေါ်ပေါက်သော အမှုစွဲဆိုရန်အကြောင်းနှင့် မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန်ပဋိညာဉ်အပေါ်အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက်ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်သူက ရောင်းသူအပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုတွင် ရောင်းသူက အဆိုပါပစ္စည်းအပေါ်ပိုင်ဆိုင်မှု မရှိကြောင်း ပေါ်ပေါက်နေပါက စွဲဆိုသည့်အတိုင်း ဒီကရီမရနိုင်ပေ။ **(ဦးစိုးမြင့်နှင့် ဦးအောင်ကျော်မင်းပါ၂၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ – ၁၆၇)**

အရောင်းအဝယ်ပဋိညာဉ်တွင် ရောင်းသူက ပဋိညာဉ်ကိုဖောက်ဖျက်ပါက လျော်ကြေးငွေပေးရန် စည်းကမ်းချက်ပါရှိလျှင် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် သက်သာခွင့်နှင့် လျော်ကြေးပေးစေရန် သက်သာခွင့်တို့အနက် မည်သည့်သက်သာခွင့်ကို ရယူလိုခြင်းမှာ တရားလို၏ရွေးချယ်ခွင့်ဖြစ်ပေသည်။ **(ဦးမြမောင်နှင့် ဦးဝမ်စွိ (ခ) တန်ဝမ်စွိပါ ၇၊ ဦးတင်ဦးပါ ၈ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၁၅)**

ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူတစ်ဦးက အကြောင်းအရာတစ်ခု သတ်မှတ်ထားသောအချိန်တွင်ပြုလုပ်ရန် ကတိပြုသော်လည်း ထိုကဲ့သို့ပြုလုပ်ရန် ပျက်ကွက်လျှင် အချိန်သည် ပဋိညာဉ်၏အဓိက အချက်ဖြစ်ရန် ရည်ရွယ်ပါက ကတိရသူက ထိုပဋိညာဉ်ကို ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ အရ ဖျက်သိမ်းခွင့်ရသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၅ တွင် ဖော်ပြထားသော အချိန်ကာလသည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်စေရန် ကာယကံရှင်များက ရည်ရွယ်ခြင်း ရှိ-မရှိ ပြဿနာကိုစာဖြင့်ရေးသားထားသော စာချုပ်စာတမ်းပါစည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်အကြောင်းခြင်းရာများကို ဆင်ခြင်စဉ်းစားဆုံးဖြတ်ရမည်။ **( ဒေါ်လှနွဲ့(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင်နှင့် ဦးသန်းညွန့် ပါ ၃၊ ဒေါ် လှနွဲ့ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင် ဦးသန်းညွန့် ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၀၃(၄၀၄))**

ပဋိညာဉ်တစ်ရပ်ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့် အကျိုးခံစားခွင့်ကိုရရှိထားသူက ပြန်လည်ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် ပြဋ္ဌာန်းထားသည်။

တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးက လျော်ကြေးပေးစေသည့် အမိန့်ချမှတ်နိုင်သည်။ လျော်ကြေးငွေ မည်မျှသတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့် ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန်အပြိုင်လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သော သတိဖြင့် စုံစမ်းလျှင်သိရှိနိုင်သည်။ ထိုသို့စုံစမ်းရန်ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်၊ သို့မဟုတ် သိလျက်နှင့် ဝယ်ယူခြင်းဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။

*စာမျက်နှာ ၂၂ သို့*

# ယနေ့ထွက်ရှိလာသည့် Windows 11 နှင့် ပြောင်းလဲအသုံးပြုရန် သင့်မသင့်

**အောက်တိုဘာ ၅ ရက်တွင် တရားဝင် ဝင်းဒိုး ၁၁ ဗားရှင်းသစ် ထွက်မည့်အကြောင်းနှင့် ဗားရှင်းသစ်မတိုင်မီ မိုက်ခရိုဆော့ဖ်မှ အစမ်းထုတ်ပေးထားသော ချန်နယ်သုံးခုမှ ဝင်းဒိုးဗားရှင်းများအကြောင်းကို ယခင်တစ်ပတ်က ဖော်ပြခဲ့ပြီးဖြစ်ပါသည်။**




### ဝင်းဒိုး ၁၁ ၏ ထူးခြားချက်များ

ဝင်းဒိုး ၁၁ တွင် အပြောင်းအလဲများစွာ ပါဝင်လာသည့်အနက် အဓိကကျသည့်အချက်မှာ အန်းဒရွိုက်အက်ပလီကေးရှင်းများကို ကြားခံဆော့ဖ်ဝဲဖြစ်သည့် Emulator များသုံးရန် မလိုတော့ဘဲ ဝင်းဒိုး ၁၁ ပေါ်တွင် တိုက်ရိုက်ထည့်သွင်းအသုံးပြုနိုင်ခြင်းဖြစ်သည်။ သို့သော် အန်းဒရွိုက်အက်ပလီကေးရှင်းအားလုံးကို သုံးနိုင်မည်မဟုတ်ဘဲ အွန်လိုင်းစတိုးဖြစ်သည့် အမေဇုန်စတိုးတွင် ရောင်းချသည့်အက်ပလီကေးရှင်းများကိုသာ သုံးနိုင်မည်ဖြစ်သည်။ ထို့အပြင် စမ်းသပ်သုံးစွဲပြီးသူများ၏ အဆိုအရ Release Preview Channel မှဝင်းဒိုးတွင်ရော၊ အောက်တိုဘာ ၅ ရက်ထွက် ဝင်းဒိုးတွင်ပါ အဆိုပါလုပ်ဆောင်ချက် မပါဝင်သေးဘဲ ၂၀၂၂ ထဲတွင်မှ မိုက်ခရိုဆော့ဖ်က ထည့်သွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

အခြားထူးခြားချက်များအနေဖြင့် Desktop ကို တစ်ခုထက်ပို၍ ထားရှိနိုင်သည့် Multiple Desktop လုပ်ဆောင်ချက် ပါဝင်လာခြင်း၊ Start Menu အပါအဝင် Icon များကို ဘယ်ဘက်အောက်ထောင့်အစား အလယ်တွင်ထားသည့် Taskbar ဒီဇိုင်းသစ်ဖြစ်သွားခြင်း၊ ဖွင့်ထားသည့်ဆော့ဖ်ဝဲများကို screen ပေါ်တွင် ပို၍အဆင်ပြေစွာ နေရာချထားနိုင်မည့် snap layout စသည်တို့အပြင် အမြင်ပိုင်းတွင် ပိုမိုဆန်းသစ်စေမည့် ဒီဇိုင်းအပြောင်းအလဲများ ပါဝင်လာသည်။

### ဟာ့ဒ်ဝဲ လိုအပ်ချက်

ဝင်းဒိုး ၁၁ ကို သုံးနိုင်ရန်အတွက် ကွန်ပျူတာ Boot လုပ်သည့်စနစ်တွင် BIOS စနစ်ကို ခွင့်မပြုဘဲ UEFI စနစ်ကိုသာ ခွင့်ပြုထားရာ အလွန်မော်ဒယ်နိမ့်သော ကွန်ပျူတာများတွင် ဝင်းဒိုး ၁၁ ကို လုံးဝတင်သုံးနိုင်မည်မဟုတ်ပေ။ CPU နှင့် Storage အတွက် လိုအပ်ချက်မများသော်လည်း RAM ပမာဏမှာ ဝင်းဒိုးအတွက်ပင် 4GB အထိ တောင်းထားသဖြင့် အခြားဆော့ဖ်ဝဲများ သုံးမည်ဆိုလျှင် RAM 8GB ရှိသော ကွန်ပျူတာများမှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။ ဝင်းဒိုး ၁၁ တွင် ဒီဇိုင်းပိုင်းကိုလည်း အဓိကထား ပြုလုပ်ထားသဖြင့် ဂရပ်ဖစ်ကတ်များကလည်း အရေးကြီးကာ DirectX 12 နှင့် နောက်ပိုင်းထွက် ဂရပ်ဖစ်ပါရှိမှ အဆင်ပြေမည်ဖြစ်သည်။ ထို့အတူ အင်တာနက်လိုင်းနှင့် မိုက်ခရိုဆော့ဖ်အကောင့်များလည်း လိုအပ်မည်ဖြစ်သည်။

### ဝင်းဒိုး ၁၁ သုံးနိုင်ရန်နည်းလမ်းများ

ဝင်းဒိုး ၁၁ တရားဝင် စထွက်လာသည့် အောက်တိုဘာ ၅ ရက်တွင် ဝင်းဒိုး ၁၀ လိုင်စင်ဝယ်သုံးထားသော ကွန်ပျူတာများအနေဖြင့် အထက်ပါ ဟာ့ဒ်ဝဲလိုအပ်ချက်များနှင့် ကိုက်ညီပါက ဝင်းဒိုး ၁၁ ကို အလွယ်တကူ Update လုပ်ယူနိုင်သော်လည်း Pirated Version ဟုခေါ်သော တရားမဝင်ဗားရှင်းများကိုသုံးနေသည့် ကွန်ပျူတာများတွင်မူ ဝင်းဒိုး ၁၁ ကို အလွယ်တကူ သုံးနိုင်မည်မဟုတ်ပေ။ နိုင်ငံတကာမှ ကွန်ပျူတာစနစ်ကျွမ်းကျင်သူများက အွန်လိုင်းတွင် တင်ပေးထားသည့် Pirated Version များအတွက် ISO ဖိုင်များကို ရှာဖွေဒေါင်းလုပ်ဆွဲ၍ အင်စတောလုပ်ရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အောက်တိုဘာ ၅ ရက်ထွက် ဝင်းဒိုး ၁၁ အတွက် ISO ဖိုင်များလည်း မထွက်ရှိသေးဘဲ Release Preview Channel မှပေးသည့် ဝင်းဒိုးအတွက် ISO ဖိုင်များသာ အွန်လိုင်းပေါ်တွင် ရှိနေသည်။ ထို့ကြောင့် လိုင်စင်ဝင်းဒိုးမဟုတ်သည့် ကွန်ပျူတာများတွင် ဝင်းဒိုး ၁၁ ကို တင်သုံးလိုလျှင် Cracked ISO ဖိုင်များထွက်အောင် ခဏစောင့်သင့်ပြီး ဝင်းဒိုးတင်မည်ဆိုလျှင်လည်း ကွန်ပျူတာစနစ်ပိုင်းကို နားလည်သူများ၏ အကူအညီဖြင့်သာ တင်သင့်သည်။

### ဝင်းဒိုး ၁၁ သုံးသင့်ပြီလား

လက်ရှိအချိန်တွင် ဝင်းဒိုး ၁၀ ကို ပြောင်းသုံးသင့်မသင့်ဆိုလျှင် အိုင်တီနည်းပညာနယ်ပယ်နှင့် ကွန်ပျူတာစနစ်များကို စိတ်ဝင်စားသူများအနေဖြင့် ဝင်းဒိုးအသစ်ထွက်ထွက်ချင်း စမ်းသုံးပြီးသည့် ခံစားချက်ကို လိုချင်လျှင် စမ်းသုံးသင့်သည်။ ထို့အပြင် ကွန်ပျူတာဆားဗစ်ပိုင်း/နက်ဝပ်ပိုင်းတို့နှင့် ပတ်သက်၍ အလုပ်လုပ်သူများအနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်အရ ဝင်းဒိုး ၁၁ ကို မဖြစ်မနေ ပြောင်းလဲသုံးစွဲထားသင့်သည်။

သို့သော် ကွန်ပျူတာကို အခြားအလုပ်များ လုပ်ရာတွင် အထောက်အကူအဖြစ်သာ အသုံးပြုနေသည်ဆိုလျှင်မူ ဝင်းဒိုး ၁၁ ကို မပြောင်းသင့်သေးပေ။ မိုက်ခရိုဆော့ဖ်အနေဖြင့် ဝင်းဒိုး ၁၀ ကို ၂၀၂၅ ခုနှစ်အထိ Support ပေးသွားမည်ဟု တရားဝင်ကြေညာထားသဖြင့် ဝင်းဒိုး ၁၁ ကိုပြောင်းသုံးရန် အချိန်များစွာ ရသေးသည်။ ဝင်းဒိုးအသစ်များသည် မဖြစ်မနေချက်ချင်းပြောင်းရန် မလိုအပ်သလို ဝင်းဒိုးသမိုင်းကြောင်းတွင် NT, ME, Vista စသည့် အသစ်ထွက်ပြီး မအောင်မြင်ခဲ့သော ဝင်းဒိုးဗားရှင်းများ ရှိခဲ့ဖူးသည်။

ဝင်းဒိုး ၁၁ တွင်လည်း အားသာချက်အချို့ရှိသည့်တိုင် ပြောင်းသုံးလိုက်ပါက ဝင်းဒိုး ၁၀ တွင် လက်ရှိအသုံးပြုနေသော ဆော့ဖ်ဝဲနှင့် ဂိမ်းအားလုံးကို အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ခြင်းရှိမရှိ မသိရသေးပေ။ ထို့ပြင် ဝင်းဒိုးတွင်ပါသော မိုက်ခရိုဆော့ဖ်အော့ဖစ် အပါအဝင် ဆော့ဖ်ဝဲများမှာ ဝင်းဒိုး ၁၁ တွင် ငွေပေးဝယ်ရသည့်ပုံစံ ပြုလုပ်ထားသဖြင့် အွန်လိုင်းမှငွေပေးချေရန်မလွယ်သေးသော မြန်မာနိုင်ငံမှသုံးသူများမှာ Crack လုပ်ထားသောဆော့ဖ်ဝဲများကို စောင့်သုံးရသည့်အနေအထား ဖြစ်နေသေးသည်။ နက်ဝပ်ပိုင်းအတွက် အရေးကြီးသည့် Net Framework တွင်လည်း အဆင်မပြေမှုအချို့ရှိနေသေးသည်ဟု Release Preview Channel မှ ဝင်းဒိုးကို စမ်းသုံးသူအချို့ထံမှ သိရသည်။

သို့ဖြစ်၍ လက်ရှိအချိန်တွင် လိုင်စင်ဝင်းဒိုး ၁၀ လက်ပ်တော့များကို သုံးနေကြသူများအနေဖြင့် ကွန်ပျူတာကို အခြားအလုပ်များလုပ်ရန် အထောက်အကူအဖြစ်သာ သုံးနေသည်ဆိုပါက ဝင်းဒိုး ၁၁ ကို ချက်ချင်းမပြောင်းသေးဘဲ လိုအပ်သော ဆော့ဖ်ဝဲများနှင့် ပြဿနာဖြေရှင်းနည်းများကို အွန်လိုင်းမှ အစုံအလင်ရနိုင်သည့်အချိန်မှသာ ဝင်းဒိုး ၁၁ ကို ပြောင်းသုံးသင့်သည်။ လိုင်စင်ဝင်းဒိုးမဟုတ်သော ဝင်းဒိုး ၁၀ များဖြင့် ဒက်စတော့ပ်ကွန်ပျူတာများကို အသုံးပြုနေသူများအနေဖြင့်လည်း ဝင်းဒိုး ၁၁ ကို ပြောင်းသုံးမည်ဆိုလျှင် အွန်လိုင်းတွင် တစ်ခုချင်း ရှာဖွေဒေါင်းလုပ်ဆွဲယူရပြီး အဆင်မပြေမှုများကို ဖြေရှင်းရန်လည်း အချိန်များစွာကုန်မည်ဖြစ်၍ လိုအပ်သောအပ်ဒိတ်များ စုံလင်ပြီး ဆော့ဖ်ဝဲအရောင်းဆိုင်များက စုစည်းပေးထားသော ဝင်းဒိုး ၁၁ စီဒီများ ထွက်သည့်အချိန်(၂၀၂၂ နှစ်ကုန်ခန့်) အထိ စောင့်ဆိုင်းပြီးမှသာ ဝင်းဒိုး ၁၁ ကို ပြောင်းသုံးသင့်ပေသည်။ ။

**ကိုစိုး**

# ၂၀၂၁ ရဲ့ အလှဆုံးဖုန်းအဖြစ် နာမည်ကျော်နေတဲ့ Xiaomi Civi

Xiaomi ရဲ့ စမတ်ဖုန်းမော်ဒယ်သစ်တစ်မျိုးဖြစ်တဲ့ Civi ကို စက်တင်ဘာ ၂၇ ရက်က စတင်မိတ်ဆက်ပြသခဲ့ပြီး မိတ်ဆက်ချိန်မှာပဲ ၂၀၂၁ ခုနှစ်ရဲ့ ဒီဇိုင်းအလှဆုံးဖုန်းအဖြစ် နာမည်ကျော်ခဲ့ပါတယ်။ စက်တင်ဘာ ၃၀ ရက်ကစပြီး တရုတ်နိုင်ငံတွင်းဈေးကွက်မှာ ရောင်းနေပြီဖြစ်တဲ့ ဒီဖုန်းရဲ့ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၅ လက်မ |
| အမျိုးအစား | OLED |
| Resolution | 1080 x 2400 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 11, MIUI 12.5 |
| Chipset & CPU | SM7325 Snapdragon 778G 5G, Octa-core |
| RAM & Memory | 8/128, 8/256, 12/256 |
| ပင်မကင်မရာ | 64 MP + 8 MP + 2 MP (Triple) |
| ဆယ်လ်ဖီကင်မရာ | 32 MP(Punch Hole) |
| ဆင်းကတ် | Dual SIM (Nano-SIM) |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 4500 mAh |
| အမြန်အားသွင်းစနစ် | Fast charging 55W |



ကိုယ်ထည်အရောင်အနေနဲ့ အနက်၊ အပြာနဲ့ ပန်းရောင် သုံးမျိုးထွက်ရှိထားတဲ့ Xiaomi Civi စမတ်ဖုန်းမှာ လူကြိုက်များတဲ့ စွမ်းဆောင်ရည်တစ်ခုအဖြစ် Under display Fingerprint လည်း ပါဝင်ပါသေးတယ်။ စွမ်းဆောင်ရည်ကောင်းပြီး ဒီနှစ်ထဲမှာ ဒီဇိုင်းအလှဆုံးလို့ နာမည်ကျော်တဲ့ Xiaomi Civi ဟာ ဈေးနှုန်းပိုင်းလည်း အမြင့်မှာရှိပြီး လက်ရှိငွေဈေးအရ အနိမ့်ဆုံး 8/128 က ကျပ်ခုနစ်သိန်းခွဲဝန်းကျင်၊ 8/256 က ကျပ်ရှစ်သိန်းခွဲဝန်းကျင်နဲ့ 12/256 က ကျပ်ကိုးသိန်းကျော် ရှိနိုင်ပါတယ်။ **ကျော်ဇင်ဦး**

Game Review

## ဉာဏ်စမ်းချင်သူတွေအတွက် Sudoku ဂိမ်း

ဉာဏ်စမ်းဂိမ်းတွေကို အေးအေးဆေးဆေး စဉ်းစားပြီး ကစားချင်သူတွေအတွက် Sudoku ဆိုတဲ့ ကိန်းဂဏန်းတွေစဉ်းစားရတဲ့ ဂိမ်းအမျိုးအစားက လူသိများပါတယ်။ ဖုန်းတွေအတွက် Sudoku ဂိမ်း အက်ပလီကေးရှင်းတွေလည်း အမျိုးမျိုးထွက်ထားတဲ့အနက် ခက်ခဲလွန်းတာကိုမှ စဉ်းစားချင်သူတွေအတွက်တော့ Extreme Sudoku ဆိုတဲ့ဂိမ်းက သင့်တော်မှာဖြစ်ပါတယ်။

ဒီဂိမ်းထဲမှာ သာမန် ကိုးကွက်ပတ်လည် Sudoku ကိုမှ စဉ်းစားရခက်အောင်လုပ်ထားတဲ့ Level ငါးခုပါဝင်ပြီး Level တစ်ခုချင်းစီမှာ ဂိမ်း ၁၀၀ စီ ပါဝင်ပါတယ်။ အဲဒါတွေအပြင် အဆများစွာ ပိုခက်ခဲတဲ့ Cross, Jigsaw, Cross Jigsaw နဲ့ Inequality ဆိုတဲ့ အမျိုးအစားလေးမျိုးလည်း ထပ်မံပါဝင်ပြီး အမျိုးအစားတစ်ခုစီတိုင်းမှာလည်း Level ငါးခုစီနဲ့ ဂိမ်း ၅၀၀ စီ ပါဝင်ပါတယ်။ ဖိုင်အရွယ်အစားက 10 MB ပဲရှိပြီး အန်းဒရွိုက်ဗားရှင်း 4.1 ကစလို့ နောက်ပိုင်းထွက်ဖုန်းအားလုံးမှာ ကစားနိုင်တဲ့ ဒီဂိမ်းကို ပလေးစတိုးမှာ Extreme Difficult Sudoku 2500 Ohte Inc လို့ ရိုက်ရှာပြီး အခမဲ့ ရယူနိုင်ပါတယ်။ **ကျော်ဇင်ဦး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရန်ကြီးအောင်လမ်းနှင့် မာဃလမ်းထောင့်၊ မြေကွက်အမှတ်(၁၂၀)၊ အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )ရှိ ဦးဒေးဗစ်(ISN/၂၂၆၆၆၉)အမည်ပေါက် မြေရျပါမစ်မြေကွက် အနက်မှ မခွဲစိပ်ရသေးသော (ခြေရင်းခြမ်း) အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်နိုင်သူ(၁၂/ဥကတ(နိုင်)၀၆၄၃၁၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) Hein Htet San Law Firm

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မျိုးနိုင် LL.B, D.B.L, အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) ဖုန်း− ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆

*စာမျက်နှာ ၂၀ မှ*

စတိသဘောလျော်ကြေးသာပေးသင့်သည်။ **( ဦးအဘူနှင့် ဒေါ်ကမာလ်ဖဲပါ၄ အမှု၊ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ -၁၁၈) ဒေါ်ကမာလ်ဖဲပါ၄ ဦးအဘူ**

“အရောင်းအဝယ် ပျက်ပြယ်သဖြင့် ပေးသွင်းထားသောငွေကို ပြန်လည်ပေးအပ်ရေးနှင့်စပ်လျဉ်း၍ ပဋိညာဉ် အက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်များ မတွေ့ရပေ။ ဤပြဿနာကိုဆုံးဖြတ်ရာ၌ ပေးသွင်းသောငွေသည် ရောင်းငွေအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပေးသွင်းခဲ့လျှင် ရောင်းသူသော်လည်းကောင်း၊ ဝယ်သူသော်လည်းကောင်း ပဋိညာဉ် အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်က ထိုငွေကို ပြန်လည်ပေးအပ်ရမည်” ဟူ၍ **ဘာဘူကနီရာလား(လ်)ဒနုကာနှင့် မက်ဆား(စ်)ရွှေပြည်စိုးဖလင် ကုမ္ပဏီအမှု၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ-၁၉၅ အမှုတွင်** စီရင်ထုံးဖွဲ့ထားသည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူရန် ပဋိညာဉ်ကိုပြုလုပ်သော ဝယ်သူက စရန်ငွေကိုပေးထားရာ ပဋိညာဉ် အတိုင်း အပြီးသတ်ဆောင်ရွက်ရန် အချိန်စေ့ရောက်သောအခါ ရောင်းသူသည် အပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် (၁) ဝယ်သူသည် ပဋိညာဉ်ကို ဖျက်သိမ်းသည်ဟု မှတ်ယူ၍ စရန်ငွေကိုရလိုကြောင်း စွဲဆိုနိုင်သည်။ (သို့မဟုတ်) (၂) ပဋိညာဉ်ကို ဆက်လက် အတည်ဖြစ်သည်ဟု မှတ်ယူ၍ (က)ပဋိညာဉ်ကို ချိုးဖောက်သည့်အတွက် နစ်နာကြေးရလိုမှု စွဲဆိုနိုင်သည်။ (သို့မဟုတ်) (ခ) ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေရန် စွဲဆိုနိုင်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၄ အရလည်း ပဋိညာဉ်ကို ဖောက်ဖျက်သောအခါ ထိုသို့ ဖောက်ဖျက်ပါက ပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင် ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက်ကြောင်း တိုင်တန်းသူသည်ဖောက်ဖျက်သူထံမှ ထိုဖော်ပြသော ငွေကြေးပမာဏကို ရပိုင်ခွင့်ရှိသည်။ သက်သေခံအမှတ်(က) ခြံမြေအရောင်းအဝယ် စရန်ပေးစာချုပ်တွင် ရောင်းသူက ပျက်ကွက်ပါက စရန်ငွေ၏ နှစ်ဆကို ပေးလျော်မည်ဟု နှစ်ဦးနှစ်ဖက် သဘောတူညီထားကြသဖြင့် စရန်ငွေ ၅၀၀၀၀ဝ/- ၏ နှစ်ဆဖြစ်သော ငွေ ၁ သိန်းကျပ်ကို ဝယ်သူအယူခံတရားလိုက ရပိုင်ခွင့်ရှိသည်။ **(ဒေါ်နီ (ခ) ဒေါ်မိမိလေးနှင့် ဒေါ်အေး၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ - ၂၅၉(၂၆၂))**

အငြင်းပွားမှုအများစုသည် ပဋိညာဉ်ချိုးဖောက်မှုကို အခြေပြုကြပါသည်။ ပဋိညာဉ်တစ်ရပ်သည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ မည်သူသည် ပဋိညာဉ်ကို ချိုးဖောက်သူဖြစ်သည်၊ ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် ဥပဒေအရ မည်သူက နစ်နာသည်၊ မည်သူ့တွင် တာဝန်ရှိသည်၊ ချိုးဖောက်မှုအတွက် ဥပဒေအရ သက်သာခွင့်များ ရရှိခံစားနိုင်ရန်အတွက် ဥပဒေနှင့် ညီညွတ်သော ပဋိညာဉ်ချုပ်ဆိုနိုင်ကြစေရန် ရည်ရွယ်၍ စုဆောင်းတင်ပြအပ်ပါသည်။ ။

## ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ရှေးဟောင်း သမိုင်းဝင် ဟသာ်ာကုန်းစေတီတော်မြတ်ကြီး ဓါတ်လှေကား တည်ဆောက်ခြင်းလုပ်ငန်း အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီမံမှုဖြင့် ပဲခူးမြို့တွင် တည်ထား ကိုးကွယ်လျက်ရှိသော ရှေးဟောင်း သမိုင်းဝင် ဟသာ်ာကုန်း စေတီတော်မြတ်ကြီးတွင် ပြည်တွင်းပြည်ပဘုရားဖူးများ အသုံးပြုနိုင်ရေး ဓါတ်လှေကားတည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်မည် ဖြစ်ပါသဖြင့် (၇) ရက်သားသမီး ရဟန်းရှင်လူ မိဘပြည်သူများ အနေဖြင့် တက်အားသရွေ့ အလှူငွေများ သဒ္ဓါကြည်ဖြူစွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော် အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် -**

(၁) ဦးရဲထွဋ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ၀၅၂-၂၂၀၁၈၃၉
(၂) ဦးဌေးလှိုင် တိုင်းဒေသကြီးဦးစီးမှူး (သာသနာရေး) ၀၉-၂၅၉၀၁၀၅၁၆
(၃)ဦးတင်ထွန်း ၀၉-၄၂၅၃၆၁၇၉၀
(၄) ဦးအေးဝင်း ၁၉-၇၈၄၈၁၆၄၆၀
(၅) ဦးအောင်သူဟိန်း ၀၉-၉၆၀၀၃၈၆၈၂

ပဲခူးမြို့ရှေးဟောင်းသမိုင်းဝင်ဟသာ်ာကုန်းစေတီတော် ဓါတ်လှေကားတည်ဆောက်ရေးကော်မတီ (ပဲခူးမြို့)

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၀၀၆၂)၊ အကျယ်အဝန်း(ပေ ၄၀x ၆၀)၊ ရေိယာဝဒသမ ၀၅၅ကေရှိ ဂရန်မြေကွက်၏လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဦးသန်းဇော်(ဘ)ဦးမြဟန် ၈/မကန(နိုင်)၀၁၇၄၀၉မှ ဒေါ်ရီရီတင့်(ဘ)ဦးသွင် ၉/မရမ(နိုင်) ၀၁၇၃၉၆ ထံသို့ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ၁၃-၅-၂၀၁၁ ရက်တွင် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၆/၂၀၁၁)အား ယနေ့မှစ၍ အပြီးအပိုင် ရုပ်သိမ်းကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဇေယျ(စဉ်-၅၄၁၉၀)
အထက်တန်းရှေ့နေ
အခန်း ၃၅၊ ရွာတော်မင်္ဂလာဈေးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၉-၇၇၈၄၄၇၇၅၄

### အမှားပြင်ဆင်ချက်

၂၀၂၁ခုနှစ် စက်တင်ဘာလ ၃၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါဝင်သော ကန့်ကွက်နိုင်ကြောင်းကြေငြာစာတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ဇီဝကပန်းခြံ(၃)လမ်း၊ အမှတ်(၁၃၈/က) မြေအကျယ်(၂၀ x ၆၀)ပေ ၀.၀၂၇ ကေရှိ နှစ်(၆၀)မြေငှားဂရန်ကိုလက်ဝယ်ပိုင်ဆိုင်ထားသူ ဦးသန်းထိုက် ၁၂/သဃက(နိုင်)၀၂၁၂၁၅ အား ဦးသိန်းထိုက် ၁၂/သဃက(နိုင်)၀၂၁ ၂၁၅ ဟု ပြောင်းလဲဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။
ဒေါ်သက်စုဝင်း (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၅၇၃၁)

### ပြန်ကြားရေးဝန်ကြီးဌာန
### ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး ကော်မတီမှ ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါ အတိုင်း ဝယ်ယူလိုပါသည်-

(က) ရုံးသုံး/လုပ်ငန်းသုံးစက်ပစ္စည်း (၂၃)မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို (၂၂-၁၀-၂၀၂၁)ရက်မှ (၄-၁၁-၂၀၂၁)ရက်အထိ နေ့စဉ်နံနက် ၉:၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၆-၁၁-၂၀၂၁)ရက်တွင် နံနက် ၉:၃၀နာရီမှ ညနေ (၁၆:၀၀)နာရီ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| --- | --- |
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး<br>နှင့် ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ |

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)ရှိ စက်ရုံပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အထက်မြန်မာပြည် အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)၌ စက်ရုံပတ်လမ်း (အလျား ၁၄၀၀ပေ x အနံ ၁၈ပေ x အမြင့် ၁၀ လက်မ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၁-၂၀၂၂ ခုဘဏ္ဍာရေးနှစ်၊(အောက်တိုဘာလမှ မတ်လ အထိ)(၆)လအတွင်း လုပ်ငန်းအပ်နှံလိုပါ၍ ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၁၁-၁၀-၂၀၂၁)ရက်မှ (၅-၁၁-၂၀၂၁)ရက်အထိ နေ့စဉ် နံနက် (၀၉:၃၀)နာရီမှ ညနေ(၁၆:၀၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင် ၁၁၅၀၀/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာ တွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင် မိတ္တူတင်ပြရမည်-

၃။ ဈေးနှုန်းအဆိုပြုလွှာမပါသော နည်းပညာဆိုင်ရာ အဆိုပြုလွှာများကို (၈-၁၁-၂၀၂၁)ရက်မှ (၁၅-၁၁-၂၀၂၁)ရက်အထိ နံနက် (၉:၃၀)နာရီမှ ညနေ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇)နေပြည် တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါ များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သတ်မှတ်ကာလ ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

| **တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန် လိပ်စာ** |
| --- | --- |
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅ | ပြည်တွင်း/ ပြည်ပပစ္စည်းများ ဝယ်ယူရေး<br>နှင့် ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၉၀ |

စာအုပ်စာပေ လူ့မိတ်ဆွေ

## ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် အောက်ဆီဂျင်အိုးဝယ်ယူရန် ငွေလှူဒါန်း

**သီပေါ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ အောက်ဆီဂျင်ထုတ်လုပ်ရေးစက်ရုံကို ဒုဋ္ဌဝတီမြစ် အရှေ့ဘက်ကမ်း မြို့ဟောင်းကျေးရွာ၌ စတင်လည်ပတ်၍ အောက်ဆီဂျင်ထုတ်လုပ်လျက် လိုအပ်သူများကို စတင်ဖြန့်ဖြူးပေးနေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်သည် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၂၀ ထုတ်လုပ်နိုင်ပြီး ရေရှည်ကာလတွင် ဆက်လက်လှူဒါန်းနိုင်ရေးအတွက် မြို့နယ်အောက်ဆီဂျင် ဖြစ်မြောက်ရေးကော်မတီ နာယက မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင်ပညာသီရိက အလှူငွေကျပ် ၁၀ သိန်း၊ ဦးစောနိုင်-ဒေါ်မြင့်မြင့်သိန်း မိသားစုက ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

အောက်ဆီဂျင်အတွက် ငွေလှူဒါန်းလိုပါက မဟာမြတ်မုနိဘုရားကြီး ဆရာတော် ဖုန်း ၀၉-၅၂၇၈၁၇၃၊ ဦးမျိုးမြင့်လွင်(နယ်စည်းမခြားပရဟိတ) ဖုန်း ၀၉-၂၅၉၁၃၆၁၆၄၊ ဦးထိန်လင်း (တရားလွှတ်တော်ရှေ့နေ ဖုန်း ၀၉-၇၇၈၈၈၈၉၀ နှင့်ဒေါ်ဌေးဌေးဦး ဖုန်း ၀၉-၇၈၈၉၉၉၅၀၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဗန်းမော်မြို့၊ ပဲခူးမြို့နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် ဗန်းမော်မြို့ သာစည်ရပ်ကွက် ဂေါ်လူဂမ်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၂ ကီလိုတို့ကို ဖမ်းဆီးရမိသည်။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ပေါက်တောကျေးရွာအုပ်စု ပေါက်တောကျေးရွာအနီးတွင် သက်နိုင်ထွန်း (ခ) ကိုပိုင် မောင်းနှင်ပြီး အောင်မျိုးကို (ခ) အောင်ကြီး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၅၈၅၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ၅၉ လမ်းတွင် ဌေးအောင်ကျော် (ခ) ဖိုးဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




သက်နိုင်ထွန်း(ခ)ကိုပိုင်၊ အောင်မျိုးကို(ခ)အောင်ကြီးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက် စာတမ်းများနှင့်အတူ ၅-၁၀-၂၀၂၁ ရက်နေ့မှ ၂၄-၁၀-၂၀၂၁ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြု ရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံး သည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း) [အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်၊ **M.H.R.A** (၁၀၀၀၀)ကျပ်၊ စုစုပေါင်း(၂၁၈၀၀၀)ကျပ် ရရှိမည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေး စည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲ အောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာအိမ်ရာ၊ ခိုင်မာလာလမ်း၊ အမှတ်(၄)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၇+၃၂ ကံဘဲ့၊ မြေကွက်အမှတ်(၄)၊ မြေဧရိယာ(၀ဒသမ၁၂၂)ဧက အလျား ၆၇/၇၈.၆ x အနံ ၅၈/၆၈.၆ပေ ကျယ်ဝန်းသော နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် မြေအမည်ပေါက် ပိုင်ရှင်ဖြစ်သော ဒေါ်သန်းသန်းချစ် ၁၂/ပဇတ(နိုင်) ၀၁၄၂၈၄ထံသို့ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်အကြောင်းတစ်စုံတစ်ရာရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်ထံသို့မည်သူမဆို ၁၄ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ယင်းသတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ မြေကွက်အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာ(LL.B,D.B.L,D.M.L,D.I.L)**
**ADVOCATE & LEGAL ADVISOR**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၅၀၅၈)**
**တိုက်(၁)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Res;၃၉၅၃၁၂၊ ၀၉-၅၁၁၇၈၇၅၊ ၀၉-၂၅၀၀၂၆၄၇၇**

# ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ်(မ-၂၀)နေ ဦးထွန်းဇေယျာဝင်း ၁၃/တကန(နိုင်)၁၄၄၈၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-



ပူးတွဲဖော်ပြပါရှိသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ စားသောက်ကုန်များကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိရာ၌ တစ်ဦးတည်းမူပိုင် အသုံးပြုရန် ရည်ရွယ်၍ တောင်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ " ကုန်အမှတ်တံဆိပ် မြွက်ဟကြေညာစာချုပ်" စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၉၈/၂၀၂၁)(၂၃-၉-၂၀၂၁)ဖြင့် ချုပ်ဆိုကြေညာခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဦးထွန်းဇေယျာဝင်း၏ စာဖြင့်ကြိုတင်ရေးသားခွင့်ပြုချက်မရရှိဘဲ အတိအလင်းတုပခြင်း၊ ဆင်တူယိုးမှားတုပခြင်း၊ ဦးထွန်းဇေယျာ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင်အခြားနည်းလမ်းတစ်ခုခုဖြင့် ပြုမူဆောင်ရွက်သူ မည်သူ့ကိုမဆို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဒေါ်သက်ထားဆွေ** | **ဦးဆလိုင်းထန်းအောင်** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အဓိပတိ(တောင်ကြီး) Legal Group Company Limited**
**အမှတ် ၇/၈၂၇၊ မြို့ပတ်လမ်း၊ ကျောင်းကြီးစု ရပ်ကွက်၊ တောင်ကြီးမြို့**

## မွေးသက္ကရာဇ်အမှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ ရွှေကမ္မာ(ကုလားဘာ)ကျေးရွာနေ (ဘ)ဦးစိန်ရွှေသန်း ၁၁/ပဏတ(နိုင်)၀၀၀၄၁၅ ၏ သမီး မမြတ်စုဝေ Grade-10၊ အထက(ခွဲ) သင်ပုန်းတန်း၏ မွေးသက္ကရာဇ် အမှန်မှာ (၂၅-၇-၂၀၀၇) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ် ကလေးကျေးရွာအုပ်စု စာဖြူစုကျေးရွာနေ မန်းမောဇက်၏ သမီး နန့်ခင်မိမိဦး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၃-၅-၂၀၀၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ဦးကောင်းခန့်ကျော် ၁၂/ဥကမ(နိုင်) ၂၂၉၁၄၆ ကိုင်ဆောင်သော သင်္ဘောသား သက်သေခံကတ်ပြား (SID) (Document No MSO 15178) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၀၃၈၄၅၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၉၈၆၊ မြေကွက်တည်နေရာအမှတ်(၉၈၆)၊ ရွှေဥဒေါင်းလမ်း၊ (၄၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမြင့်စိန် CE-၀၇၂၃၉၆) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) မြေအား အမည်ပေါက် ဦးမြင့်စိန်(ကွယ်လွန်)သဖြင့် ဇနီးဖြစ်သူ ဒေါ်စန်းစန်း ၁၂/သဃက(နိုင်)၀၅၅၆၃၆မှ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခင်ပွန်း ဦးမြင့်စိန် သေစာရင်း၊ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဒေါ်စန်းစန်း၏ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲတိုးချဲ့-၂၊ မြေကွက်အမှတ်၂၄၊ ၅၃၂ဘီ ၄၊ ပေ ၆၀x၈၀ပေနှင့် ဉာဏရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်၂၁၊ ပေ၆၀x၈၀ပေ မြေကွက်တို့ကို အမည်ပေါက် ဒေါ်တင်တင်လှ(ခ)ဒေါ်တင်တင်ကြည်-ဒေါ်ဖြိုး(ခ) ဒေါ်ခင်မြင့်ထံမှ ဒေါ်ထိုက်ထိုက်မြင့် ၉/ပမန(နိုင်)၂၅၁၅၀၇ က လည်းကောင်း၊ ဒေါ်နွဲ့နွဲ့စန်းထံမှ ဦးနိုင်လင်းဦး ၁၄/မအပ(နိုင်)၀၇၄၀၅၉+၁ ကလည်းကောင်း ဝယ်ယူထားပြီး အမည်ပြောင်း လျှောက်ထားမည်ဖြစ်သဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ထိုက်ထိုက်မြင့်နှင့် ဦးနိုင်လင်းဦးတို့၏ ညွှန်ကြားချက်အရ-**
**ဦးခင်မောင်လေးLL.B**
**အထက်တန်းရှေ့နေ(စဉ်-၁၁၅၆၅ )(၂၆-၇-၁၉၈၅)**
**အမှတ်-၆၅ ၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၇၉၆၄၉၀၇၃၇**

# ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၂)၊ အမှတ်၁၆၅ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၃၈) ပေရှိမြေကွက်နှင့် အဆောက်အဦတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်စိုး ၁၂/အစန(နိုင်)၁၈၀၈၀၂ ထံမှ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သင်းသင်းဆွေ ၁၂/အစန(နိုင်)၁၈၈၇၀၁ ကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ၂-၁၀-၂၀၂၁ရက်တွင် ပေးချေထားပြီးဖြစ်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဖြိုးအောင်မြင့်**
**LL.B, DML, DBL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၅၇)**
**အမှတ်-၂၃၂၊ တတိယထပ်၊ ကျောင်းလမ်း(၁)လမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၂၀၃၀၂**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ညွှန့်ညွှန့်ဆွေ ၉/ပဘန(နိုင်)၁၂၅၁၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ပိုင်းရပ်ကွက်၊ စေတနာလမ်း၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ် A/2၊ ပထမထပ်(ထောင့်ခန်း)တိုက်ခန်း တစ်ခန်းအပါအဝင် အဆိုပါတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက လက်ရှိပိုင်ဆိုင်ပြီး အကျိုးခံစားလျက်ရှိပါသည်။

အထက်ပါတိုက်ခန်းကို ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ရောင်းချမည်ဖြစ်သဖြင့် ယင်းတိုက်ခန်းနှင့် ပတ်သက်၍ စာချုပ်စာတမ်းမူရင်းများပြသ၍ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ရောင်းချမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ညွှန့်ညွှန့်ဆွေ** | **ဒေါ်ဝင်းဝင်းကြည်** | **ဒေါ်အေးအေးသင်း** |
| | **(B.A, H.G.P, R.L, B.R.E)** | **(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၂၆၄၆)** | **(စဉ်-၈၇၅၃)** |

**အမှတ်-၅၂၀၊ အဝေရာလမ်း၊**
**နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၈၇၃၅**

**အမည်ပြောင်း**

ဦးခိုင်လင်းထွေး၏သမီး ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်နေ မမြတ်ကေရီလင်းအား မကေရီမြတ်ဆုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကေရီမြတ်ဆု**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ လှော်ကားနှင့် အမ်းပင်မဓာတ်အားခွဲရုံများတွင် ချွတ်ယွင်းသွားသော Areva အမျိုးအစား 230/33/11kV(33.33)MVA Single Phase Transformer ၏ (B-Phase)နှင့် LEEEC အမျိုးအစား 230/33/11kV (15)MVA Single Phase Transformer (C-Phase) (၂)လုံးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို တင်ဒါအမှတ်-2(T)/ DPTSC(PSD)/2021-2022(Mini)(မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၄-၁၁-၂၀၂၁ရက်မှ ၁၄:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရ မည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ယခင်ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် ၁၆၉၊ ၁၉၉၅ခုနှစ်(မြေငှား) အမှုတွဲအမှတ် ၁၅၄၅/စက်လယ်အရ ဦးကံမြင့်အမည်ဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော အလျား(ပေ၄၀)xအနံ(ပေ၆၀)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ အမှတ် ၁၆၉၊ စက်မှုလယ်ယာ(၂)လမ်း၊ ၁၃ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တွယ်ကပ်ဆောက်လုပ်ထားသော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေက အရပ်ကတိစာချုပ်ဖြင့် နောက်ဆုံးဝယ်ယူထားသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း၊ အထောက်အထား(မူရင်း)ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၄/၂၀၀၂)**
**အမှတ်-၁၆၂၀/က၊ ဦးမင်းလမ်း၊ ၄၂ရပ်ကွက်၊ မြောက်/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၁၉၉၆၁**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ စဝ်စံထွန်းလမ်း၊ မြေကွက်အမှတ်(၉၃)ဟုခေါ်တွင်သော တ.ဝ.တ ၏ ၂၆-၉-၈၉ ရက်စွဲပါ စာအမှတ် ၃၈၀/၃-၂ တ.ဝ. တ အရနှင့် အမှုတွဲအမှတ်၄၈/လန(သန်လျင်) ၈၉အရ လ/န-၃၉ရပြီး မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးမြင့်ဆွေ (ဌာနေ)သို့ ချထားပေးသည့်ဧရိယာ ၀ ဒသမ ၀၅၅ ဧကအကျယ်ရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ ၀ ဒသမ ၀၂၇ ဧကအကျယ်ရှိ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဒေါ်သီဂီမြင့် ၁၂/သလန(နိုင်)၀၇၉၇၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးသီတာဝင်း ၁၂/အစန(နိုင်)၀၆၇၅၅၁ က ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်း(၁)လမ်း၊ မြေကွက်အမှတ်(၁၀၉) ဟုခေါ်တွင်သော မြေချပါမစ်မြေ အလျားxအနံ (၄၀x၆၀)ပေအကျယ်မြေကွက်၏ (မိတ္တူခြမ်း)အလျားx အနံ(၂၀x ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးသိန်းအောင် ၁၂/လသန(နိုင်)၀၀၁၈၃၁( ဒေါ်လှငွေ၏အထွေထွေကိုယ်စားလှယ်လွှဲစာ ရရှိထားသူ )ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နန့်တင်တင်ဘွား ၁၂/ကမတ(နိုင်)၀၄၃၂၆၀ က ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်)၊ ဦးပိုင်အမှတ်(၂၅/က)၊ ဗိုလ်ထိန်ဝင်းလမ်း၊ မြေကွက် အမှတ်(၀/၂၆၇)၊ ဧရိယာ ၀ ဒသမ ၀၈၃ဧကရှိ မြေကွက်ကို သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၂၆၂/၂၀၂၀)၊ မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်မြရီကွယ်လွန်ပြီးနောက် ၎င်း၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သားသမီးရင်းခြာများဟုဆိုသော ဒေါ်ခင်အေးတင့် ၁၂/ဗဟန(နိုင်)၀၈၄၃၆၂၊ ဒေါ်ခင်ချိုတင့် ၁၂/ဗဟန(နိုင်)၀၈၄၃၆၃နှင့် ဦးလွင်မင်းအောင် ၁၂/ဗဟန(နိုင်)၁၀၁၄၁၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာစိုး ၁၂/စခန(နိုင်)၀၀၅၈၉၇ က ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည်(LL.B,, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၆၈)**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ရွှေပြည်သာနဲ့ဒဂုံဆိပ်ကမ်းအရှေ့ပိုင်းမြေကွက်များ ဝယ်ပါမည်

ရွှေပြည်သာ - င/၁၁+၁၂+၁၃+၁၄+၃၂+၃၆+၄၅+၄၆
အရှေ့ပိုင်း - ၁၄+၁၅+၁၂၁+၁၂၂+၁၂၄
ဆိပ်ကမ်း - ၇၇+၇၈+၇၉+၈၀+၈၁ ဝယ်မည်။
ဖုန်း-၀၉-၄၅၀၀၄၂၄၈၆ ၊ ၀၉-၇၉၉၇၁၈၈၄၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀
## ကျိုင်းတုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်(၂)

| | | |
|---|---|---|
| ဒေါ်ယဉ်ယဉ်အေး | နှင့် | ဦးမြင့်ထွန်း |
| **တရားလို** | | **တရားပြိုင်** |

ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ဟွေခါးရွာနေ တရားပြိုင်ဦးမြင့်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) အားသိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် နိုဝင်ဘာလ ၅ရက် (၁၃၈၃ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် အောက်တိုဘာလ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေစုစုအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျိုင်းတုံမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/3697 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်တော်များ World Best Cargo Co., Ltd ၏ ပို့ကုန်လိုင်စင်အမှတ် (ELNS EL 0181900063) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်- ၀၉-၇၃၁၅၀၀၀၈၊ ၀၉-၉၇၇၅၉၅၉၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/နွယ်အေး)၊ မြေကွက်အမှတ် (၂၈၄)၊ ဧရိယာ(၂၅'x၅၀')=၁၂၅၀စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၈၄)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်မခွေး ၁၂/ဒပန(နိုင်)၀၃၆၇၈၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်မခွေး(မိခင်)နှင့် ဦးလှရွှေ(ဖခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ငွေးငွေးကြည် ၁၂/ဒပန(နိုင်)၀၃၈၇၄၀ မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဒေါ်မခွေးအမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ သေစာရင်းများ၊ မြေခွန်ပြေစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/1463 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၇ရပ်ကွက်၊ အမှတ် ၅၅၉၊ ၂၀'x၆၀' ပါမစ်မြေအား ဦးခင်လှိုင် ၁၁/ရဗန(နိုင်)၀၄၅၆၇၈ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန်းစန်းဝင်း**
**၁၂/ဗဟန(နိုင်)၀၈၃၉၃၅**
**ဖုန်း-၀၉-၇၈၅၇၉၈၄၄၃**

**ဥတုရာသီ တောကိုမှီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/7116 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

# ပျောက်ဆုံးကြောင်း

ကျွန်မ မသီတာအေး ၅/မမတ (နိုင်) ၀၄၆၆၉၇ ၏ နိုင်ငံကူးလက်မှတ် စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၀၁၄၇၃၃၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စန်းစန်းဦး ၈/တတက (နိုင်)၁၂၁၁၇၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ပြင်ဆင်ဖတ်ရှုပါရန်

၃-၁၀-၂၀၂၁ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉) ကြော်ငြာစာ အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃ ရန်ကုန်အနောက်ပိုင်း ခရိုင် တရား ရုံးတော် ၂၀၂၁ ခုနှစ် တရားမအထွေထွေမှု အမှတ် ၂၈ ကြော်ငြာတွင် ဒေါ်အေးအေးယုထွေးအစား **ဒေါ်အေးယုယုထွေး၏ လျှောက်လွှာအပေါ်** ၌ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 32ယ/4210, Suzuki Smash, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးကျော် ၁၂/လကန(နိုင်)၁၉၆၁၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

